المصطلحات الفقهية

ဖေကဟ်ဆိုင်ရာ

အရဗီဝေါဟာရဖွင့်ဆိုချက်နှင့်မြန်မာဘာသာပြန်

မော်လဝီအေမာမွဒ္ဒီးန်(အလ်ကောင်ဆရီ)

မွဖ်သီ မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ၊ မဇွာဟေရီ) ကြီးကြပ်သည်။

ဖေကဟ်ဆိုင်ရာ
အရဗီဝေါဟာရဖွင့်ဆိုချက်နှင့်
မြန်မာဘာသာပြန်

بسم الله الرحمن الرحيم

မာတိကာ

စာရေးသူ၏အမှာစာ 9

အလ်ဟားဂ်ျ မော်လာနာ မုဖ်သီ
မုဟာမ္မဒ်အာစွင်းမ်(နဒ်ဝီ၊အဗုလ်ဟာစနီ၊မဇွာဟော့ရီ)၏ ကျမ်းဦးစကား . 13

اَلنِّكَاحُ **(နေကာဟ်)၏အဓိပ္ပါယ်** 26

နေကာဟ်၏ အမျိုးအစားများ 27

اَلشِّغَارُ **(ရှေ့ဂါးရ်)၏အဓိပ္ပါယ်** 27

اَلْمُحَرَّمَاتُ (ခေါ်) ထာဝရ ထိမ်းမြားလက်ထပ်ပိုင်ခွင့် မရှိသောအမျိုး
သမီးများအကြောင်း။ 28

ဆွေမျိုးတော်စပ်မှုကြောင့် ထိမ်းမြားပိုင်ခွင့် မရှိခြင်း။ 30

الرَّضَاعُ **(ရသွာ့အ်)၏ အဓိပ္ပါယ်** 32

اَلطَّلَاقُ **(သွလာ့က်)၏ အဓိပ္ပါယ်** 32

သွလာ့က်၏အမျိုးအစားများ။ 34

တွလာ့က်တွင်စွန္နသ်နည်းလမ်းနှစ်သွယ်ရှိသည်။ 35

طَلَاقُ البِدْعَةِ **(သွလာ့ကွလ်ဗိဒ်အဟ်)** 36

သွလာ့းက်ပေးသောပုံစံနှစ်မျိုး.. 38

သွလာ့းက်၏အရေအတွက်.. 39

اَلطَّلاَقُ الرَّجْعِيُّ **﴿သွလာ့းက်ရဂျ်အီ﴾၊** اَلطَّلاَقُ الْبَائِنُ **﴿သွလာ့းက်ဗာအင်န်﴾၊**
اَلطَّلاَقُ الْمُغَلَّظُ **﴿သွလာ့းက်မုဂလ်လသွ်﴾တို့၏အမိန့်များ**.................... 39

اَلْإِيْلاَءُ **(အီလာအ်)၏အဓိပ္ပါယ်**.. 42

اَلْخُلْعُ **(ခုလ်အ်)၏အဓိပ္ပါယ်**.. 42

اَلظِّهَارُ**(ဇွေဟာရ်)၏အဓိပ္ပါယ်** 43

اَللِّعَانُ **(လေ့အာန်)၏အဓိပ္ပါယ်** 44

اَلْعِدَّةُ **(အိဒ္ဒသ်)၏အဓိပ္ပါယ်**.. 44

اَلْأَيْمَانُ **(အိုင်မားန်)၏အဓိပ္ပါယ်** 46

اَلْيَمِيْنُ (ယမီးန်)၏အမျိုးအစားများ.. 47

اَلْيَمِيْنُ الْغَمُوْسُ **အဓိပ္ပါယ်** 47

يَمِيْنُ اللَّغْوِ **၏အဓိပ္ပါယ်** 48

اَلْيَمِيْنُ الْمُنْعَقِدُ**၏အဓိပ္ပါယ်** 49

اَلنَّذْرُ **(နဇရ်)၏အဓိပ္ပါယ်**.. 49

اَلْبَيْعُ **(ဘိုင်းအ်)၏အဓိပ္ပါယ်**.. 51

اَلْمَبِيْعُ **(မဘီးအ်)နှင့်** اَلثَّمَنُ **(စမန်)၏အဓိပ္ပါယ်ဖွင့်ဆိုချက်** 51

بَيْعُ الْفُضُوْلِيْ **(ဖုသူလီ)၏အဓိပ္ပါယ်**.. 52

خِيَارُ الشَّرْطِ (ခေ့ယားရွတ်ရှရ်သ္ဖ်)၏ အဓိပ္ပါယ် 53
خِيَارُ الرُّؤْيَةِ (ခေ့ယားရွတ်ရွအ်ယဟ်)၏ အဓိပ္ပါယ် 54
خِيَارُالْعَيْبِ (ခေ့ယာရွလ်အိုက်ဘ်)၏ဓိပ္ပါယ် 55
اَلْعَيْبُ (အိုက်ဘ်)၏အဓိပ္ပါယ် 55
اَلْبَيْعُ الْمَكْرُوْهُ (ဘိုင်းအွန်မက်ရူးဟ်)၏အဓိပ္ပါယ် 56
اَلْإِقَالَةُ (အေကာလာဟ်)၏အဓိပ္ပါယ် 57
အရောင်းအဝယ်၏ အမျိုးအစားများအကြောင်း 57
اَلرِّبَا (ရေဘာ)၏အဓိပ္ပါယ် 60
بَيْعُ السَّلَم (ဘိုင်းအွတ်စလမ်)၏အဓိပ္ပါယ် 61
ဗိုင်းအွတ်စလမ်ဆိုင်ရာ အသုံးအနှုန်းများ 62
بَيْعُ الصَّرْف (ဘိုင်းအွတ်ဆွရ်ဖ်)၏ အဓိပ္ပါယ် 62
اَلرَّهْنُ (ရဟာန်)၏ အဓိပ္ပါယ် 63
ပေါင်နှံခြင်းဆိုင်ရာ အသုံးအနှုန်းများ။ 63
اَلحَجْرُ (ဟိဂျရ်)၏အဓိပ္ပါယ် 64
اَلْإِقْرَارُ (အိက်ရားရ်)၏အဓိပ္ပါယ် 65
اَلصُّلْحُ (ဆိုလဟ်)၏အဓိပ္ပါယ် 65
اَلشُّفْعَةُ (ရွတ်ဖ်အဟ်)၏ အဓိပ္ပါယ် 66

اَلْوَكَالَةُ (ဝကာလဟ်)၏ အဓိပ္ပါယ် 67
ကိုယ်စားလှယ်လွှဲခြင်းဆိုင်ရာ အသုံးအနှုန်းများ 67
اَلْكَفَالَةُ (ကဖွာလဟ်)၏အဓိပ္ပါယ် 67
اَلْحَوَالَةُ (ဟဝါလဟ်) ၏အဓိပ္ပါယ် 69
လက်လွှဲခြင်းဆိုင်ရာ အခေါ်အဝေါ်များ။ 69
اَلشَّرِكَةُ (ရှရေ့ကဟ်)၏အဓိပ္ပါယ် 72
اَلْإِجَارَةُ (အဇ္ဇာရာဟ်)၏အဓိပ္ပါယ် 76
اَلْمُضَارَبَةُ (မို့သွာရဘဟ်)၏အဓိပ္ပါယ် 77
اَلْمُزَارَعَةُ (မို့ဇာရအဟ်)၏အဓိပ္ပါယ် 78
اَلْمُسَاقَاةُ (မို့စာကာဟ်)၏အဓိပ္ပါယ် 78
اَلْمَوَاتُ (မဝါးသ်)၏အဓိပ္ပါယ် 79
اَلشِّرْبُ (ရှိရ်ဘွန်)၏ဓိပ္ပါယ် 80
اَلْعَارِيَةُ (အာရေ့ယဟ်)၏အဓိပ္ပါယ် 81
اَلْوَدِيْعَةُ (ဝဒီးအဟ်)၏အဓိပ္ပါယ် 82
اَلْهِبَةُ (ဟေဘာဟ်)၏အဓိပ္ပါယ် 83
اَلصَّدَقَةُ (ဆွဒကဟ်)၏အဓိပ္ပါယ် 84
اَلْوَقْفُ (ဝက်ဖ်)၏အဓိပ္ပာယ် 85

اَللُّقْطَةُ (လွတ်ကဲ်သွာဟ်)ၜါအဓိပ္ပါယ် 86
اَلْغَصْبُ (ဂဆွဘ်)ၜါအဓိပ္ပါယ် 87
قَتْلُ الْعَمَدِ (ကာသ်လွလ်အမဒ်)ၜါအဓိပ္ပါယ် 89
شِبْهُ الْعَمَدِ (ရှစ်ဘ်ဟွလ်အမဒ်)ၜါအဓိပ္ပါယ် 90
قَتْلُ الْخَطَأ (ကာသ်လွလ်ခသွာအ်)ၜါအဓိပ္ပာယ် 90
القتل بطريق السبب(ကာသ်လွန်ဘေ့သွရီးကစ္စဘာဘ်)ၜါအဓိပ္ပါယ် 91
اَلدِّيَةُ (ဒွေယာသ်)ၜါအဓိပ္ပါယ် 91
اَلْأَرْشُ (အရ်ရွှန်)ၜါအဓိပ္ပါယ် 92
اَلْقَسَامَةُ (ကစာမဟ်)ၜါအဓိပ္ပါယ် 93
اَلْحُدُوْدُ (ဟွုဒူးဒ်)ၜါအဓိပ္ပါယ် 94
اَلْأَشْرِبَةُ (အရှ်ရေဘာဟ်)ၜါအဓိပ္ပါယ် 95
اَلْقَذْفُ (ကဇဖ်)ၜါအဓိပ္ပါယ် 95
اَلتَّعْزِيْرُ (သအ်ဇီးရ်)ၜါအဓိပ္ပါယ် 96
اَلسَّرِقَةُ (စရေ့ကဟ်)ၜါအဓိပ္ပါယ် 97
اَلذَّبَائِحُ (ဇဗာအိဟ်)ၜါအဓိပ္ပါယ် 98
اَلصَّيْدُ (ဆွိုက်ဒ်)ၜါအဓိပ္ပါယ် 99
اَلْقَضَاءُ (ကသွားအ်)ၜါ အဓိပ္ပါယ် 100

اَلدَّعْوَى **(ဒအ်ဝါ)၏အဓိပ္ပာယ်**......101

اَلشَّهَادَةُ **(ရှဟာဒဟ်)အဓိပ္ပါယ်**......101

اَلْقِسْمَةُ **(ကိစ်မဟ်)၏အဓိပ္ပာယ်**......102

اَلْإِكْرَاهُ **(အိကဲ်ရာဟ်)၏အဓိပ္ပါယ်**......103

اَلسِّيَرُ **(စေယရ်)၏အဓိပ္ပါယ်**......105

اَلْجِزْيَةُ **(ဂျစ်ဇ်ရဟ်)၏အဓိပ္ပါယ်**......106

اَلْبُغَاةُ **(ဘိုဂါးဟ်)အဓိပ္ပါယ်**......107

اَلْمِيْرَاثُ **(မီရားစ်)၏အဓိပ္ပါယ်**......108

اَلسِّهَامُ **(စေဟားမ်)၏အဓိပ္ပါယ်**......109

اَلرُّؤُوْسُ **(ရို့အူးစွန်)၏အဓိပ္ပါယ်**......109

اَلنَّصِيْبُ **(နဆီးဘ်)၏ အဓိပ္ပါယ်**......110

اَلْفَرْضُ **(ဖရ်သွ်)၏ အဓိပ္ပါယ်**......110

أَصْحَابُ الْفُرُوْضُ **(အဆ္ဟားဘွလ်ဖို့ရူးသွ်)၏ အဓိပ္ပါယ်**......111

ذَوِي الْأَرْحَامِ **(ဇဝိလ်အရ်ဟားမ်)၏အဓိပ္ပာယ်**......112

اَلْفَرْعُ **(ဖရ်အွန်)၏ အဓိပ္ပါယ်**......112

اَلْأَصْلُ **(အဆွလ်)၏အဓိပ္ပါယ်**......113

اَلْأَخُ **(အခွန်)၏အဓိပ္ပါယ်**......113

بَنُو الْأَعْيَانِ (ဘနူလ်အအ်ယားန်)၏အဓိပ္ပါယ် 114

بَنُوالْعَلَّاتِ (ဘနူလ်အလ္လားသ်)၏ အဓိပ္ပါယ်......................................114

بَنُوالْأَخْيَافِ (ဘနူလ်အခ်ယားဖ်)၏ အဓိပ္ပါယ် 114

اَلْعَصَبَةُ (အဆွဘဟ်)၏ အဓိပ္ပါယ်..116

اَلْكَلَالَةُ (ကလာလဟ်)၏ အဓိပ္ပါယ် 117

اَلتَّرِكَةُ (သရေ့ကဟ်)၏ အဓိပ္ပါယ်..118

اَلْمَانِعُ (မာနိအ်)၏ အဓိပ္ပါယ် 118

اَلْمَحْرُوْمُ (မဟ်ရူးမ်)၏ အဓိပ္ပါယ်...119

اَلْحَجْبُ (ဟဂျ်ဘွန်)၏ အဓိပ္ပါယ်...119

اَلْعَوْلُ (အောင်းလ်)၏ အဓိပ္ပါယ် 120

اَلرَّدُّ (ရဒ်)၏ အဓိပ္ပါယ် 121

اَلْمُنَاسَخَةُ (မို့နာစခါ)၏ အဓိပ္ပါယ်... 122

بسم الله الرحمن الرحيم

စာရေးသူ၏အမှာစာ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာ တော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြု ပါ၏။

ကျွန်တော်၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်သော ဟဇ်ရသ်မော်လာနာမုဖ်သီ အာစွင်းမ်(နဒ်ဝီ၊ မဇ္ဇာဟေရီ၊ အဗွလ်ဟာစနီ)သည် မဒ်ရစဟ်အဗူဗက်ရ် အစ္စလာမီယဟ် ကျောင်းတော်အတွက် အခြေခံသင်ရိုးများအား မိခင်ဘာသာဖြစ်သော မြန်မာဘာသာဖြင့် ပြန်ဆိုပြုစုရန် ကျွန်တော်၏လက်တွဲဖော်မိတ်ဆွေများနှင့်တကွ ကျွန်တော့်ကိုလည်း တစ်တပ်တစ်အား ပါဝင်စေခဲ့ပါသည်။ ဆရာသခင်သည် ကျွန်တော့်အား ဖေကဟ်ဘာသာရပ်၏ ဝေါဟာရများကို မြန်မာဘာသာဖြင့် ပြန်ဆိုရန် တိုက်တွန်းခဲ့ပါသည်။ ထိုသို့ပြန်ဆိုရာတွင် **الأستاذ راشد حسين الندوي** ၏ **الفقه الميسر** ဒုတိယတွဲမှ **لغة** (အရဗီစာပေ)နှင့် **اصطلاح** (ဝေါဟာရဖွင့်ဆိုချက်)များကို ကောက်နုတ်ပြန်ဆိုရန်နှင့် အမွေဆိုင်ရာဝေါဟာရများကို ထပ်ပေါင်းထည့်ရန် အကြံပြုခဲ့ပါသည်။ ကျွန်တော်သည် ဦးစွာပထမ မိုအာမလားသ်(အပေးအယူကဏ္ဍ)နှင့် အမွေဆိုင်ရာဝေါဟာရများကို အရဗီဘာသာဖြင့် ကောက်နုတ်စုစည်းခဲ့ရာ ကျွန်တော်၏ဆရာသခင်

ဖြစ်သော ဟာဇ်ရည်မောင်လာနာ ဟာမ်ဇာဟ် (နဒ်ဝီ၊ မဇ္ဇာဟေရီ၊ အဗ္ဗလ် ဟာစနီ)က စိစစ်ပေးခဲ့ပါသည်။ ထို့နောက်တွင် မြန်မာဘာသာသို့ ထပ်မံ ပြန်ဆိုခဲ့ပါသည်။ မြန်မာသို့ပြန်ဆိုရာတွင် ဖေကဟ်ပညာရပ်ကို စတင် သင်ယူဆည်းပူးမည့် ကျောင်းသားများအတွက် ဖေကဟ်ပညာရေးခရီး ၏ ခြေတစ်လှမ်းတိုင်းတွင် အထောက်အကူဖြစ်စေရန် မူရင်းစာအုပ်တွင် မပါသော ကဏ္ဍတစ်ခုတိုင်းရှိ မှတ်သားဖွယ်ရာများကိုလည်း ထပ်ပေါင်း ထည့်ထားပါသည်။ ကျောင်းသားများအတွက် ပိုမိုလွယ်ကူရန် အချို့ သောနေရာများတွင် မူရင်းစာအုပ်အပြင် **مختصر القدوري** ကျမ်း၊ ရှိုက်ခ် အလီရှဖီးက်၏ **الفقه الميسر** ကျမ်းများမှလည်း ကောက်နုတ်ပြန်ဆိုခဲ့ပါ သည်။ အမွေဆိုင်ရာဝေါဟာရများကို စေရာဂျီကျမ်းနှင့် အခြားသော ကောင်းနိုးရာရာ အမွေဆိုင်ရာကျမ်းများမှ ကောက်နုတ်တင်ပြထားပါ သည်။

မြန်မာဘာသာသို့ ဝေါဟာရဖလှယ်ရာတွင် ပါမောက္ခဒေါက်တာ ဦးခင်မောင်စိန်၏ မြန်မာနိုင်ငံတွင် ကျင့်သုံးသော အစ္စလာမ့်တရားဥပ ဒေ (The Islamic law as applied in myanmar) ကျမ်းမှ ဝေါဟာရဖ လှယ်နည်းများကို နည်းနာယူခဲ့ပါသည်။ ကဏ္ဍတစ်ခုတိုင်း၏ **لغة** နှင့် **اصطلاحا** များကို ပြန်ဆိုပြီးသည်နှင့် တစ်ဆက်တည်း မြန်မာအခေါ်အ ဝေါ်တွင် မည်သို့သုံးနှုန်းသည်ကိုလည်း ကြိုးစား၍ ဆက်လက်ဖော်ပြ ထားပါသည်။

မည်သို့ပင်ကြိုးစားခဲ့သည်ဖြစ်ပါစေ လူသားဖြစ်သည့်အားလျော်စွာ အမေ့အမှား မကင်းနိုင်ပါ။ မှားယွင်းမှုတစ်စုံတစ်ရာတွေ့ရှိပါက မေတ္တာရှေ့ထား၍ ဝိုင်းဝန်းပြုပြင်ပေးပါရန် ပန်ကြားအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစာအုပ်ဖြစ်ပေါ်လာစေရန် အကျိုးအကြောင်းညီညွတ်စေပြီး ခွန်အားများချီးမြင့်ပေးတော်မူသည့် အရှင်မြတ်ကို ကျေးဇူးတင်ပါသည်။ ထို့နောက် စာအုပ်ဖြစ်မြောက်စေရန် ကြီးကြပ်ပေးခဲ့သော၊ စိစစ်ပေးခဲ့သော ကျေးဇူးရှင်ဆရာ အလ်ဟားဂျ် မောင်လာနာ ၊မွတ်ဖ်သီ၊ ကာရီ အာဆွင်းမ် (နဒ်ဝီ၊ အဇ္ဇလ်ဟာစနီ၊ မဇ္ဇာဟေရီ) ၊ ၎င်းနောက် စာအုပ်ကို စနစ်တကျ မွမ်းမံပေးခဲ့သော ကျွန်တော်၏ ချစ်မိတ်ဆွေ မော်လာနာ မိုဟမ္မဒ်ဖိုင်ဆွဲလ် (အလ်ကောင်စရီ) ၊ စာအုပ်မျက်နှာဖုံးဒီဇိုင်းကို စီစဉ်ပေးသော ကျေးဇူးရှင်ဆရာ မိုဟမ္မဒ် (အလ်ကောင်စရီ)၊ မြန်မာစာ စာလုံးပေါင်းနှင့် အထားအသိုများကို စိစစ်ပေးခဲ့သော ကျွန်တော်နှင့်တစ်ရွာတည်းနေ ကျေးဇူးရှင်ဆရာကိုမင်း(B.A (his) နှင့် ဤနေရာတွင် အမည်မဖော်ပြလိုက်ရသည့် အဘက်ဘက်မှ ကူညီပေးခဲ့သော ဆရာသခင်များကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ဤစာအုပ်ငယ်ကို လက်ခံသဘောတူတော်မူပြီး စုဆောင်းတင်ပြသူ၊ ၎င်း၏မိဘများ၊ ဆရာသခင်များနှင့် မွတ်စ်လင်မ်ထုတစ်ရပ်လုံးကိုလည်း ဤစာ

အုပ်၏အကြောင်းခံဖြင့် ကောင်းသောအစားများ ပေးသနား တော်မူပါ ဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အေမာမွဒ္ဒီးန်(အလ်ကောင်စရီ)

بسم الله الرحمن الرحيم

အလ်ဟားဂျ် မော်လာနာ မုဖ်သီ
မုဟမ္မဒ်အာစွင်းမ်(နဒ်ဝီ၊အဗုလ်ဟစနီ၊မဇွာဟေ့ရီ)၏ ကျမ်းဦးစကား

الحمد لله الذي بنعمته تتم الصالحات ، والصلاة والسلام على سيدنا محمد وآله وصحبه علموا الأمة بأروع المصطلحات . وبعد

မေ့မရနိုင်သော သမိုင်းမှတ်တိုင်တစ်ခု

မြင့်မြတ်တော်မူသော အရှင်မြတ်၏ ကျေးဇူးတော်၊ အကျိုး အကြောင်း ညီညွှတ်စေခြင်းတို့ကြောင်း ကောင်းခြင်းတရားများ ပြီးပြည့် စုံရပါသည်။ စာပေဝါသနာရှင်များအဖို့ စာပေရတနာတစ်ပါး ပေါက်ဖွား ထွန်းကားလာခြင်းသည် မေ့မရနိုင်သော ဘဝ၏ သမိုင်းမှတ်တိုင် တစ်ခု ပင်မဟုတ်ပါလော...။

ယခုလည်း ကျွန်ုပ်၏ ချစ်မိတ်ဆွေတစ်ဦးဖြစ်သော မော်လာနာ အေမာမ္ဗဒ္ဒီးန်(အလ်ကောင်စရီ-ရှိုင်ခွလ်ဟဒီးဆ်နှင့် ဖေကဟ်အတန်းပြ ဆရာ၊ မဒ်ရစဟ်အဗူဗက်ရ်အလ်အစ္စလာမီယဟ်)သည် မြန်မာစာဖတ် ပရိသတ်နှင့် မြန်မာ့မြေရှိအာလင်မ်ပညာရှင်များ၊ ဖေကဟ် ပညာရှင် များအတွက် မူရင်းအရဗီ ဖေကဟ်ဝေါဟာရများကို မြန်မာဆန်ဆန် ဖွင့် ဆိုပြီး၊ မြန်မာ့စာပေနယ်ပယ်တွင် သုံးသည့် အသုံးအနှုန်းများကိုပါ ထည့်

သွင်းဖော်ပြသည့် သမိုင်းဝင်ကျမ်းတစ်ကျမ်းကို **المصطلحات الفقهية بالبورمية** အမည်ဖြင့် ရေးသားပြုစုလိုက်ပါပြီ။

ကျွန်ုပ်တို့အာလင်မ်သင်ရိုးညွှန်းတမ်းတွင် သွဟာရသ်(သန့် ရှင်းစင်ကြယ်မှု)၊ အေဗာဒသ်(ခဝပ်မှု)၊ မုအာမလားသ်(အပေးအယူ)၊ မုအာရှရသ်(လူမှုဆက်ဆံရေး)၊ အခ်လာကီယားသ် (စာရိတ္တမဏ္ဍိုင်) စသည့် ကဏ္ဍတစ်ခုတိုင်းရှိ မတ်စ်အလဟ်တစ်ခုချင်းစီအတွက် သီးသန့်ဝေါဟာရများရှိနေပါသည်။ ထိုဝေါဟာရများကို ကျွန်ုပ်တို့ အာလင်မ်အချင်းချင်းကြား အရဗီဘာသာစကား၊ အူရဒူဘာသာ စကားများဖြင့်သာ ဖလှယ်ကြသောအခါ ရည်ရွယ်ချက် ပေါက်မြောက်ကာ သဘောပေါက်ကြသော်လည်း မြန်မာစကားသာ ပြောဆို နားလည်သော ပရိသတ်ကို ရှင်းလင်းပြသရာတွင် မြန်မာဆန်ဆန် ရှင်းလင်းတင်ပြမှသာ ရည်ရွယ်ချက်ပေါက်မြောက်ကာ စနစ်တကျ နားလည်သဘောပေါက်နိုင်မည် ဖြစ်ပါသည်။

ယနေ့ကဲ့သို့ နည်းပညာထွန်းကားလာသည့် ခေတ်၊ မျိုးဆက်သစ်လူငယ်လေးများသည်လည်း စာဖတ်အားကောင်းပြီး အရာရာကို စူးစမ်းလေ့လာ၊ သိလိုသောစိတ်များ တဖွားဖွား ပေါ်ပေါက်လာချိန်မျိုးတွင် ကျွန်ုပ်တို့သာသနာနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြမှုများသည် ၎င်းတို့နားလည်နိုင်မည့် ဝေါဟာရများဖြင့် ရေးသားထားလျှင် ရွှေပေါ်မြတင်ဘိ အလား ပိုမိုတောက်ပသွားပါမည်။

ထို့ကြောင့် မော်လာနာ အေမာမ္ဗဒ္ဒီးန်၏ ဤကြိုးပမ်းမှုသည် ခေတ်ကာလ၏ တောင်းဆိုချက်တစ်ရပ်ကို ဖြည့်ဆည်းခြင်းနှင့်အတူ မျိုးဆက်သစ် အာလင်မ်များအပေါ်လည်း သမိုင်းဝင်ကျေးဇူးတစ်ရပ် ပြုလိုက်သည်ဟု မှတ်ချက်ပြုလိုပါသည်။

မော်လာနာသည် ဤအတွဲတွင် မုအာမလားသ်(အပေးအယူကဏ္ဍ)၊ မုအာရှရားသ်(လူမှုဆက်ဆံရေးကဏ္ဍ)တို့နှင့် သက်ဆိုင်သည့် ဝေါဟာရများကိုသာ တင်ပြထားသည်။ အင်န်ရှာအလ္လာဟ် ကျန်ရှိဝေါဟာရများကိုလည်း နောင်လာမည့် အတွဲများတွင် တင်ပြသွားပါလိမ့်မည်။

المصطلحات/ الاصطلاحات ၏ဖွင့်ဆိုချက်

အရဗီစာပေတွင်

اصطلاح [مفرد]: ج اصطلاحات (لغير المصدر): ١- مصدر اصطلَحَ/ اصطلحَ على. ٢- لفظ أو شيء اتّفقت طائفة مخصوصة على وضعه في علم معيّن، ولكلّ علم أو ميدان اصطلاحاته "اصطلاحات الفقهاء/ اللّغويّين."

"သတ်မှတ်ထားသော ဘာသာရပ်၊ နယ်ပယ်တွင် ပညာရှင် အချို့(သို့)ပညာရှင်အများစုမှ သီးသန့်သတ်မှတ်ထားသော အခေါ်အဝေါ်များကိုဆိုလိုသည်။ ဘာသာရပ်တိုင်း၊ နယ်ပယ်တိုင်းတွင် သူ့ဝေါဟာရ အသုံးအနှုန်းသီးသန့်ရှိသည်။ ဥပမာ - ဖေကဟ်နယ်ပယ်တွင် ဖေကဟ်ပညာရှင်တို့၏ ဝေါဟာရ၊ ဘာသာဗေဒနယ်ပယ်တွင် ဘာသာဗေဒပညာ

ရှင်တို့၏ ဝေါဟာရစသဖြင့်…”။ အနီးစပ်ဆုံး အောက်ပါအတိုင်း ဖလှယ်နိုင်ပါသည်။

Term = စကားရပ်၊ဝေါဟာရ

Expression = စကားအသုံးအနှုန်း

Idiom = ပညာရပ်အလိုက် သုံးနှုန်းပုံ၊ပညာရပ်သုံးစကား

المصطلحات الفقهية ဆိုသည်မှာ …

المصطلحات الفقهية هي تحديد ما هو مستعمل عند أعلام الفقه

ဖေကဟ်အဓိပတိ အေမာမ်ကြီးများထံတွင် အရာတစ်ခု အတွက် သတ်မှတ် အသုံးပြုထားသော ဝေါဟာရအသုံးအနှုန်းများကို ဆိုလိုသည်။

အနှစ်ချုပ်သုံးသပ်ချက်

ဤသို့ ဝေါဟာရများ သတ်မှတ်ရာတွင် ဘာသာစကားသည် အဓိကဖြစ်သည်။ ထို့နောက် ရည်ရွယ်ထားသော အဓိပ္ပါယ်များကို ညွှန်းဆိုဖော်ပြရမည်။

المصطلحات الفقهية ဆိုသည့်အတွက် ရှရီအသ်ရှုထောင့်၊ ဖေကဟ်ရှုထောင့် အရဗီဘာသာစကားရှုထောင့်၊ ပညာရှင်တို့၏ အသုံးအနှုန်း စသည့်အချက်များဖြင့် ပေါင်းစပ် ဖန်တီးရသည်။

ထိုနည်းတူစွာ ပညာရှင်အများစု၏ သဘောတူညီမှုလည်း ပါဝင်ရသည်။

ဖေကဟ် ဝေါဟာရများပြုစုခြင်းသမိုင်း

အစ္စလာမ့်သမိုင်းအစကိုယ်တော်မြတ်ﷺခေတ်တွင် ဖေကဟ် ဝေါဟာရများ သီးသန့်ပြုစုသည့် အစဉ်အလာမရှိခဲ့ပါ။ ရှင်းလင်းရန်လို အပ်သောစာလုံးများကို ကိုယ်တော်မြတ်ﷺကိုယ်တိုင်က ရှင်းပြပေးခဲ့သည်။

ဆွဟာဗာကြီးများခေတ်- ဤခေတ်တွင်လည်း လိုအပ်သည့် ဝေါဟာရများကို လိုအပ်သလို ဖေကဟ်ပညာရှင် ဆွဟာဗာကြီးများက ရှင်းလင်းတင်ပြပေးခဲ့သည်။ အကြောင်းမှာ ဤခေတ်ရှိပညာရှင်များအတွက် ဖေကဟ်ဝေါဟာရ ကျမ်းအဖြစ် စုစည်းပေးရန် မလိုအပ်ခဲ့ပါ။

သို့သော်လည်း ဒုတိယရာစုနှစ်တွင် ဖေကဟ်ပညာရှင် ဆွဟာဗာကြီးများ၊ သာဗေ့အီကြီးများက ဖြစ်ပျက်လာသော စာပေနယ်ပယ်ရှိ အခြေအနေများ၊ လိုအပ်ချက်များကို ရှေ့ရှုပြီး ဖေကဟ်ဝေါဟာရများနှင့် အချို့သောကိစ္စရပ်အသစ်များအတွက် ဖွင့်ဆိုချက်အသစ်များကို တီထွင်သတ်မှတ်ပေးခဲ့ကြသည်။

ဤသို့ဖြင့် အရဗီစာပေတွင်ခေါ်ဆိုပုံ၊ ရှရီအသ်တရားတော်မြတ်တွင် တည်ရှိပုံတို့ကိုပါ ပူးတွဲပြောဆိုရသည်။ ဤကာလတွင်လည်း အဘိဓါန်တစ်ခုအဖြစ် စုစည်းရန် မလိုအပ်သေးပါ။

ဟစ်ဂျ်ရီ(၃)ရာစုနှစ်နှင့်(၅)ရာစုနှစ်ကြား

(သာသနာ့ပညာရပ်များစုစည်းသည့်ခေတ်)

ဟစ်ဂျ်ရီ(၂)ရာစုနှစ်အကျော်ပိုင်းတွင် သာသနာတော်သည် ကမ္ဘာအဝှမ်းတွင် အရှိန်အဟုန်ဖြင့် ပျံ့နှံ့နေပြီဖြစ်သည်။

သာသနာတော်ပျံ့နှံ့ခြင်းနှင့်အတူ သာသနာ့ပညာရပ်များသည်လည်း အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့သွားခဲ့ရာ မရှင်းလင်းသော ခက်ဆစ်များ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ဝေါဟာရရှင်းလင်းချက်များ စုစည်းတင်ပြရန် ပိုမိုလိုအပ်လာခဲ့သည်။

ထို့ကြောင့် သာသနာ့ပညာရပ်များ စုစည်းခြင်းနှင့်အတူ ယင်းပညာရပ်တစ်ခုချင်းစီအတွက် သီးသန့်ဝေါဟာရများကိုပါ စုစည်းခြင်းအစဉ်အလာ စတင်လာခဲ့သည်။

ဤသို့ဖြင့် ဖေကဟ်ဝေါဟာရများဆိုင်ရာ အဘိဓါန်ကျမ်းများရေးသားပြုစုခြင်းအစဉ်အလာ စတင်ခဲ့သည်။

တိတိကျကျဆိုရလျှင် ဖေကဟ်ဆိုင်ရာ ဝေါဟာရများကို သီးသန့်ပြုစုသည့် အစဉ်အလာသည် ဟစ်ဂျ်ရီ(၅)ရာစုနှစ်တွင် စတင်ခဲ့သည်။ သုတေသီများက မဇ်ဟဗ်ရှင်များထံမှ ဆင့်ပြန်ချက်လာရှိသည့် ဝေါဟာရဖွင့်ဆိုချက်များ၊ ၎င်းတို့ထံတွင် ကျော်ကြားသည့် သီးသန့်အသုံးအနှုန်းများကို စုစည်းတင်ပြလာကြသည်။

ဥပမာအားဖြင့် အေမာမ်နဝဝီ ﴿ﷺ﴾ (ဟစ်ဂျ်ရီ(၆၇၆)ကွယ်လွန်) ၏ منهاج الطالبين ကျမ်း၊ ဤကျမ်း၏ အစပိုင်းတွင် مقدمة المنهاج အမည်ဖြင့် ကျမ်းပါဝေါဟာရများကို ရှင်းလင်းတင်ပြထားသည်။

ဖေကဟ်ပညာရပ်များကို စုစည်းတင်ပြသည့် ပညာရှင်များက လည်း ဤအတိုင်းပင် ဖေကဟ်ဆိုင်ရာ သီးသန့် ဝေါဟာရများကို စုစည်း တင်ပြကြသည်။ ဥပမာအားဖြင့် တင်ပြရသော်

«المصباح المنير في غريب الشرح الكبير» للفيومي

ဤကျမ်းသည် ရှာဖေ့အီမဇ်ဟဗ်ဝင် အေမာမ်ရာဖေ့အီ ﷺ(ဟစ်ဂျ်ရီ (၆၂၇)ကွယ်လွန်)၏ فتح العزيز ကျမ်း၏ အကျယ်ပြန်ကျမ်းဖြစ်သည်။

النظم المستعذب في تفسير غريب ألفاظ المهذب للبطال الركبي

ထို့နောက် အလ်ဘသ်သွားလ်ရက္ကဗီ၏ကျမ်း၊ ဤကျမ်းသည် အ ဗူအိစ္စဟားက်ရှီရာဇီရှာဖေ့အီ ﷺ(ဟစ်ဂျ်ရီ၄၇၆-ဘဂ္ဂဒါးဒ်တွင် ကွယ်လွန်)၏ المهذب တွင်ရှိသည့် ဝေါဟာရများကို ရှင်းလင်းထားသည့် ကျမ်းဖြစ် သည်။

ထို့နောက် မာလိကီ မဇ်ဟဗ်ဝင် အိဗ်နေ့အဗီဇိုင်ဒ် အလ်ကိုင်ရာန ဝီ ﷺ(ဟစ်ဂျ်ရီ(၃၂၇)ကွယ်လွန်)၏ “الرسالة” တွင်ပါဝင်သည့် ဝေါဟာရ

များကို ရှင်းလင်းထားသည့်မုဟာမ္မဒ်ဖင်န်မန်စူးရ်အလ်မဂ်ရာဝီ၏ غرر المقالة ကျမ်း။

ထို့နောက် အေမာမ်အိဗ်နေ့ကိုဒါမဟ်အလ်ဟန်ဗလီ (ဟစ်ဂျ်ရီ-၆၂၀ကွယ်လွန်)၏ المقنع ကျမ်းပါ ဝေါဟာရသစ်များကို ရှင်းလင်းပေးသည့် المطلع ကျမ်း။

ဖေကဟ်ဟန္နဖီရှိ ဝေါဟာရကျမ်းများ

ထို့နောက် ဟနဖီပညာရှင်တို့၏ ဝေါဟာရများကို ရှင်းလင်းပေးသည့် ကျမ်းများအနက် ရှိုင်ခ်အဗ်ဒွေရဗ္ဗိန်နဗီအဟ်မဒ်နဂ်ရီ ရေးသားပြုစုသည့် دستور العلماء أو جامع العلوم في اصطلاحات الفنون ကျမ်း။ ဟစ်ဂျ်ရီ (၁၁၈၃ခုနှစ်)တွင်ဤကျမ်းပြုစုခြင်းပြီးဆုံးခဲ့သည်။

ထို့နောက် နဂ်မွဒ္ဒီးန် အိဗ်နေ့ဟဖ်ဆ္ဂနစဖီ(ဟစ်ဂျ်ရီ(၅၃၇) ကွယ်လွန်)၏ طلبة الطلبة ကျမ်း။

ဤကျမ်းသည် ဖေကဟ်ကဏ္ဍများအတိုင်း ရေးသားထားသည့် ကျမ်းဖြစ်သည်။ အက္ခရာစဉ်အလိုက် ရေးသားထားသည့် အဘိဓါန်ကျမ်း မဟုတ်ပါ။

ထို့နောက် အဗုလ်ဖသ်ဟ် နာဆွေရ်ဗင်န်အဗ်ဒွတ်စ်စိုင်ယစ်ဒ်မုသ္ဂ ရေ့ဇီ (ဟစ်ဂျ်ရီ(၆၁၆)ကွယ်လွန်)၏ المعرب في ترتيب المغرب ကျမ်းဤ

ကျမ်းသည် အက္ခရာစဉ်ဖြင့် ရေးသားထားသောကြောင့် ရှာဖွေရ၊ အကျိုးခံစားရလွယ်ကူသည်။

ထို့နောက် အလီဗင်န် မဂျ်ဒွဒ္ဒီးန်(ဟစ်ဂျ်ရီ-၇၈၅ကွယ်လွန်)၏

الحدود والأحكام

ထို့နောက် ရှိုင်ခ်ကာစင်မ်ကော်ဝ် (ဟစ်ဂျ်ရီ(၉၇၈) ကွယ်လွန်)၏

أنيس الفقهاء في تعريف الألفاظ المتداولة بين الفقهاء

ထို့နောက် မော်လာနာ အမီမုလ်အိဟ်စာန် အလ်မုဂျဒ္ဒိဒီ၏ **التعريفات الفقهية** ကျမ်း၊ ဤကျမ်းတွင် စာမျက်နှာ(၂၄၆)မျက်နှာ ပါဝင်သည်။

အူရဒူဘာသာဖြင့် ဖေကဟ်ဝေါဟာရအဘိဓါန်ကျမ်းတစ်ဆူ

ဤနည်းအတိုင်းပင် အူရဒူဘာသာဖြင့်လည်း အိန္ဒိယနိုင်ငံ၏ အကျော်အမော်ပညာရှင်ကြီး ဟဇရသ်မော်လာနာ ခါလိဒ်စိုင်ဖွလ္လာဟ် ရဟ်မာနီ **مد ظله العالي** ရေးသားပြုစုခဲ့သည့် **قاموس الفقه** (ဖေကဟ် ဝေါဟာရအဘိဓါန်ကျမ်း)သည် အူရဒူဘာသာဖြင့် ရေးသားထားသည့် ကျမ်းများအနက် အပြည့်စုံဆုံး စွယ်စုံကျမ်း တစ်ကျမ်းဖြစ်သည်။ အတွဲ(၅)တွဲ ရှိသည်။ (ဟစ်ဂျ်ရီ၁၄၂၆)ခုနှစ်တွင် ရေးသားပြီးစီးခဲ့သည်။

الموسوعة الفقهية الكويتية ကူဝိတ်နိုင်ငံထုတ် ဖေကဟ်ဝေါဟာရ စွယ်စုံကျမ်းကြီး

ဟာစ်ဂျ်ရီ(၁၃)ရာစုနှစ်တွင် အတွဲပေါင်း (၄၅)တွဲ၊ ဝေါဟာရ ခေါင်းစဉ်ပေါင်း(၃၀၀၀၀)၊ ခေါင်းစဉ်ခွဲပေါင်း(၂၇၀၀၀) ကျော်ပါဝင်သည့် ဖေကာဟ်ဝေါဟာရစွယ်စုံကျမ်းကြီးတစ်ကျမ်း ထွက်ပေါ်လာခဲ့သည်။

ဤစွယ်စုံကျမ်းကြီး ဖြစ်ပေါ်လာရေးအတွက် ပညာရှင်များက (ဟာစ်ဂျ်ရီ ၁၃၇၀ခု=ခရစ်နှစ် ၁၉၅၁)ခုနှစ်တွင် စတင် တိုင်ပင်ကြသည်။ (ဟာစ်ဂျ်ရီ ၁၃၈၆ခု=ခရစ်နှစ် ၁၉၆၇နှစ်တွင် ဤသမိုင်းပေးတာဝန်အား ကူဝိတ်နိုင်ငံ၊ အစ္စလာမ့်ရေးရာဝန်ကြီးဌာနက ယူခဲ့ပြီး ခန့်ညားစွာဖြင့် ကမ္ဘာ့အလယ်တွင် ဖြန့်ချိပေးနိုင်ခဲ့သည်။

ဤ(၄၅)တွဲလုံးအား အိန္ဒိယနိုင်ငံ ဖေကာဟ်အကယ်ဒမီ၏ ကြီးကြပ်မှုဖြင့် အူရဒူဘာသာပြန်ဆိုခဲ့ပြီးဖြစ်သည်။

မြန်မာဘာသာဖြင့် ဖေကာဟ်ဝေါဟာရဖလှယ်ခြင်း

မြန်မာ့မြေမှ ဖေကာဟ်ပညာရှင်များ၊ ကျောင်းသားများအတွက် မော်လာနာအေမာမွဒ္ဒီးန်(အလ်ကောင်ဆရီ)ရေးသားပြုစုထားသည့် ဤကျမ်းသည် အလွန်ပင်အကျိုးရှိလှပါသည်။

ဆရာသည် ဤကျမ်းငယ်ကို မန္တလေးမြို့ တောင်ဆင်ကျုံး ဗလီဝင်းအတွင်း ဖွင့်လှစ်ထားသည့် **ABUBAKR EDUCATION CENTER** တွင် (ခေတ်ပညာတတ်များအတွက် (၅)နှစ်တာ အာလင်မ်သင်ရိုးအတွက် ပြဌာန်းစာအုပ်အဖြစ် စတင်ရေးသားခဲ့သည်။ ဆရာကိုယ်တိုင်လည်း နှစ်အတန်ကြာကတည်းက ဖေကာဟ်ကျမ်းကြီးကျမ်းငယ်များကို သင်ကြား

နေပါသည်။ ဤသို့သင်ကြားရာတွင် တွေ့ကြုံခဲ့သော အတွေ့အကြုံများနှင့် စဉ်ဆက်မပြတ်လေ့လာချက်များကို အချိုးကျ ပေါင်းစပ်ထားပြီး အကျိုးခံစားသူများအတွက် သိစေလိုသောစေတနာတို့ ရောစပ်ထားသောကြောင့် စာအုပ်၏ တန်ဖိုးမှာ ပိုမိုမြင့်တက်သွားပါသည်။

ဤကျမ်းငယ်၏ ထူးခြားချက်များမှာ ....

❍ **معاملة** နှင့် **معاشرة** အခန်းရှိ ဝေါဟာရများနှင့် ဖွင့်ဆိုချက်များကို ရှာဖွေတင်ပြထားခြင်း၊ ထိုဝေါဟာရများကို မြန်မာစာပေအသုံးအနှုန်းအရ မည်သို့သုံးနှုန်းကြောင်းကိုပါ ပူးတွဲဖော်ပြထားခြင်း။

❍ ကဏ္ဍများအစုံမှ ဝေါဟာရများကို စုံစုံလင်လင် တင်ပြထားခြင်း။

❍ ဝေါဟာရများ၏ဖွင့်ဆိုချက်များကို တင်ပြရာတွင်ခိုင်လုံတိကျသော ကျမ်းများကိုသာ ကိုးကားထားခြင်း။

ကျန်ရှိနေသော အလှတရားများကို စာဖတ်ပရိသတ်အနေဖြင့် ကိုယ်တိုင်ကိုယ်ကျ ခံစားသိမြင်နိုင်ပါသည်။

မော်လာနာ၏ ဤလက်ရာသည် ကျွန်ုပ်တို့မြန်မာနိုင်ငံရှိ **المصطلحات الفقهية** ဆိုင်ရာနယ်ပယ်၏ တောင်းဆိုချက်တစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်၏ မပြည့်စုံသော လေ့လာချက်အရ ဤကျမ်းသည် ဤနယ်ပယ်အတွက် ပထမဆုံးကျမ်းဖြစ်လိမ့်မည်ဟု မှတ်ချက်ပြုလိုပါသည်။

ကျွန်ုပ်သည် ဤကျမ်းကို စ၊လယ်၊ဆုံး တစ်ကြိမ်ထက်မနည်း ကြည့်ရှုခဲ့ပါသည်။ လိုအပ်သည်များကိုလည်း အကြိမ်ကြိမ် ပြုပြင်စေခဲ့ပါသည်။ ဆရာ ကိုမင်း(B.A(his)က မြန်မာစာပိုင်းကို တာဝန်ယူစစ်ဆေးပေးခဲ့ပြီး ဘာသာရပ်ပိုင်းဆိုင်ရာကိုမူ ဤနယ်ပယ်တွင် ကျွမ်းကျင်သော ပညာရှင်များက တာဝန်ယူစစ်ဆေးပေးခဲ့ပါသည်။

အကြံပြုချက်

ဤကဲ့သို့ အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းထားသော်လည်း လိုအပ်ချက်များ၊ အမှားများမှာလည်း ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။ စာရှုသူများဘက်မှ တစ်စုံတစ်ရာ အကြံပြုလိုလျှင်သော် လည်းကောင်း၊ အမှားပြင်ဆင်ချက် တစ်စုံတစ်ရာချီးမြှင့်လိုလျှင်သော် လည်းကောင်း ကျမ်းရှင်၏ နံပါတ်(09-951107507/09673245710)ကို တိုက်ရိုက်ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အာလင်မ်ကျောင်းတော်များ၏ ကျောင်းအုပ်ဆရာကြီးများ၊ ပညာရေးတာဝန်ခံများ အနေဖြင့် ဤစာအုပ်ကို လေ့လာကြည့်ပြီး မိမိတို့သင်ရိုးတွင် ပြဋ္ဌာန်းစာအုပ်ဖြင့် ထည့်သွင်းမည်ဆိုလျှင် များစွာအကျိုးရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

နိဂုံးချုပ်ဒိုအာ

မြင့်မြတ်တော်မူသော အရှင်မြတ် ဤကျမ်းငယ်ကို အထူးလက်ခံသဘောတူတော်မူပါစေ။ ဤကျမ်းပြုစုသူများ၊ ဤကျမ်းဖြစ်မြောက်ရေးတွင် အဘက်ဘက်မှ အုပ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခဲ့ကြသူများ၊ ဤကျမ်းကို သင်ပေးသင်ယူပြုလုပ်သူများကိုလည်း နှစ်ဘဝနှစ်ဌာနတွင် အောင်မြင်မှုများ ချီးမြှင့်ပေးသနားတော်မူပါစေ။

အွမ္မသ်ထုတစ်ရပ်လုံးကိုလည်း ဤကျမ်းငယ်မှ အကျိုးခံစားခွင့်များ ကေယာမသ်တိုင် ချီးမြှင့်ပေးသနားတော်မူပါစေဟု ဆုမွန်ကောင်းများ အရှင်မြတ်ထံ တောင်းဆုပန်ရင်း................

မုဟာမ္မဒ် အာစွင်းမ်
(နဒ်ဝီ၊အဇ္ဇလ်ဟာစနီ၊ မဇ္ဇာဟော့ရီ)
၉၊ ရဂျဗ်လ၊ ဟစ်ဂျ်ရီ (၁၄၄၅)ခု
၂၁၊ ၁၊ ၂၀၂၄ ခု (တနင်္ဂနွေနေ့)

﴿اَلْبَابُ الْأَوَّلُ﴾

အခန်း(၁)

مَعْنَى النِّكَاحِ

النكاح في اللغة ◀ الضم و الجماع .

والنكاع في الشرع ◀ عقد النكاح بشروطه وأركانه.

اَلنِّكَاحُ (နေကာဟ်)၏အဓိပ္ပါယ်

اَلنِّكَاحُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ပေါင်းဖက်ခြင်း၊ ကိုယ်လက်နှီးနှောခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာ ဝေါဟာရတွင် ➲ ထိမ်းမြားခြင်းဆိုင်ရာ မဏ္ဍိုင်များ၊ စည်းကမ်းချက်များဖြင့် ထိမ်းမြားလက်ထပ်ခြင်းကို ခေါ်သည်။

أقسام النكاح

(أ) سنة مؤكدة في حالة الاعتدال .

(ب) واجب في حالة التوقان .

(ج) مكروه في حالة خوف الجور.

နေကာဟ်၏ အမျိုးအစားများ

❶ သာမန်အခြေအနေမျိုးတွင် ထိမ်းမြားခြင်းသည် "စွန္နသွန်မိုအတ်က သသွန်" ဖြစ်သည်။

❷ လိင်စိတ်ပြင်းပြသော အခြေအနေမျိုးတွင် ထိမ်းမြားခြင်းသည် "ဝါဂျိဗ်" ဖြစ်သည်။

❸ (မိမိ၏ဇနီးသည်အား) မိမိအနေဖြင့် ညှင်းပန်းနှိပ်စက်မှုပြုမည်ကို စိုးရိမ်ရသော အခြေအနေမျိုးတွင် ထိမ်းမြားခြင်းသည် "မက္ကရှုဟ်" ဖြစ်သည်။

معنى الشغار

الشغار ◀ هو أن يزوج الرجل ابنته أو أخته من رجل على أن يزوجه ابنته أو أخته وكلتاهما بغير مهر.

اَلشِّغَارُ (ရှေ့ဂါးရ်)၏အဓိပ္ပါယ်

اَلشِّغَارُ ဆိုသည်မှာ ➲ မဟာရ်(ကညာကြေး)မပေးဘဲ မိမိအစ်မ၊ နှမကို အခြားသူ၏ အစ်မ၊ နှမနှင့် အလဲအလှယ်လုပ်ခြင်းကို ခေါ်သည်။

﴿باب المحرمات﴾

التحريم بسبب القرابة .

المحرات بالقرابة سبع فرق:

١- الأمهات فلايحل للرجل أن يتزوج بأمه ولا بجداته من قبل أبيه وأمه وإن علون.

٢- البنات فلايحل له أن يتزوج ببنته أو بنت ولده وإن سفل.

٣- الأخوات فلا يحل له أن يتزوج بأخته.

وهن ثلاثة أنواع: أخت لأب وأم وأخت لأب وأخت لأم .

٤- العمات , وهن ثلاثة أنواع :عمة لأب وأم وعمة لأب وعمة لأم .

وكذا تحرم عليه عمات أبيه وعمات أجداده وعمات أمه وعمات جداته.

٥- الخالات وهن كذلك ثلاثة أنواع : خالته لأب وأم وخالته لأب وخالته لأم .

وتدخل فيهن خالات آبائه وأمهاته .

٦- بنات الأخ وبنات أبناء الأخ وبنات بنات الأخ وإن سفلن.

٧- بنات الأخت وبنات أبناء الأخت وبنات بنات الأخت وإن سفلن .

اَلْمُحَرَّمَاتُ (ခေါ်) ထာ၀ရ ထိမ်းမြားလက်ထပ်ပိုင်ခွင့် မရှိသောအမျိုးသမီးများအကြောင်း။

သွေးသားတော်စပ်မှုကြောင့် ထိမ်းမြားပိုင်ခွင့် မရှိခြင်း။

သွေးသားတော်စပ်မှုကြောင့် ထိမ်းမြားခွင့်မရှိသော အမျိုးသမီး《၆》ဦးရှိသည်။ ၎င်းတို့မှာ-

❶ မိခင်များ။ သို့ရှိရာ အမျိုးသားတစ်ဦးသည် မိမိ၏မိခင်နှင့်သော်လည်းကောင်း၊ အဖွားနှင့် အထက်ဆက်များအားလည်းကောင်း နေကာဟ်လုပ်ခွင့် မရှိပေ။

❷ သမီးများ။ သို့ရှိရာ အမျိုးသားသည် မိမိ၏သမီး၊ မိမိ၏မြေးမနှင့် အောက်အဆက်များအား ထိမ်းမြားခွင့် မရှိပေ။

❸ အစ်မ၊ ညီမများ။ သို့ရှိရာ အမျိုးသားသည် အစ်မ၊ ညီမများနှင့် ထိမ်းမြားခွင့် မရှိပေ။ ထိုသူမများသည်《၃》မျိုးရှိသည်။

(က) မိတူ၊ ဖတူ အမ၊ ညီမ။

(ခ) ဖတူ၊ မိကွဲ အမ၊ ညီမ။

(ဂ) မိတူ၊ ဖကွဲ အမ၊ ညီမ။

❹ ဒေါ်ကြီး၊ ဒေါ်လေး။ ၎င်းတို့သည် 《၃》 မျိုးရှိသည်။

(က) ဖတူ၊ မိတူ အဒေါ်။

(ခ) ဖတူ၊ မိကွဲ အဒေါ်။

(ဂ) မိတူ၊ ဖကွဲ အဒေါ်။

ထိုနည်းအတိုင်းပင် အမျိုးသားတစ်ဦးအတွက် မိမိအဖေ၊ အဘိုး၏ ဒေါ်ကြီး၊ ဒေါ်လေးများ၊ မိမိမိခင်၊ မိမိအဘွား၏ ဒေါ်ကြီး၊ ဒေါ်လေးများနှင့်လည်း ထိမ်းမြားခြင်း မပြုပိုင်ပေ။

❺ အရီးကြီး၊ အရီးလေးများ။

၎င်းတို့သည်လည်း 《၃》 မျိုးရှိသည်။

(က) မိတူ၊ ဖတူ အရီးကြီး၊ အရီးလေးများ။

(ခ) ဖတူ၊ မိကွဲ အရီးကြီး၊ အရီးလေးများ။

(ဂ) မိတူ၊ ဖကွဲ အရီးကြီး၊ အရီးလေးများ။ မိမိဖခင်၊ မိမိ မိခင်၏ အရီးကြီး၊ အရီးလေးများသည်လည်း ထိုသူမများ အဖွဲ့တွင် ပါဝင်သည်။

❻ တူမများ၊ တူ၊တူမများ၏သမီးများနှင့် အောက်အဆက်တို့ ဖြစ်သည်။

التحريم بالصهرية .

والمحرمات بالصهرية أربع فرق :

١- أم الزوجة وجداتها من قبل الأب والأم وإن علون سواء دخل ببنتها أم لم يدخل .

٢- بنات الزوجة وبنات بناتها وأبنائها. لكن يشترط الدخول بالأم ولا تحرم بنفس العقد على الأم.

٣- حليلة الإبن وكذا حليلة ابن الابن وابن البنت وإن سفلن سواء دخل بها الابن أم لم يدخل.

٤- حليلة الأب وحليلة الأجداد من قبل الأب والأم وإن علون.

ဆွေမျိုးတော်စပ်မှုကြောင့် ထိမ်းမြားပိုင်ခွင့် မရှိခြင်း။

ဆွေမျိုးတော်စပ်မှုအရ ထိမ်းမြားခွင့်မရှိသော အမျိုးသမီး《၄》ဦးရှိသည်။ ၎င်းတို့မှာ

❶ ဇနီးသည်၏မိခင်(ယောက္ခမ)နှင့်အထက်အဆက်အနွယ်များ။ အမျိုးသားသည် မိမိ၏ဇနီးသည်နှင့် အခန်းအပ်ခဲ့သည်ဖြစ်စေ၊ မအပ်ခဲ့သည်ဖြစ်စေ။

❷ ဇနီးသည်၏သမီးများ(မယားပါသမီး)နှင့် အောက်အဆက်များ။ ၎င်းနောက် မိမိမယားပါသား၏ သမီးများ။ သို့သော် ထိုအမျိုးသမီးများနှင့် ထိမ်းမြားခြင်းမပိုင်ရန်အတွက် စည်းကမ်းချက်မှာ သူမတို့၏မိခင်သည် အမျိုးသားနှင့် အခန်းအပ်ပီးသား ဖြစ်ရမည်။ ထိမ်းမြားရုံသက်သက်ဖြင့် ဟရာမ်မဖြစ်ပေ။

❸ သား၏ဇနီး(ချွေးမ)နှင့် အောက်အဆက်များ၏ဇနီးများ။ သားသည် ထိုအမျိုးသမီးနှင့် အခန်းအပ်ခဲ့ သည်ဖြစ်စေ၊ မအပ်ခဲ့သည် ဖြစ်စေ။

❹ ဖခင်၏ဇနီး (မိထွေး) ၊ ဖခင်၊ မိခင်ဘက်မှတော်စပ်သော အဘိုးနှင့် အထက်ဆက်များ၏ ဇနီးများ။

معنى الرضاع

الرضاع بفتح الراء وكسرها لغة ◀ مص الثدي .

والرضاع في الشرع ◀ عبارة عن إرضاع مخصوص في وقت مخصوص يتعلق به التحريم وذلك بأن يمص الطفل من ثدي آدمية أو أوجرلبنها أو أسقط ووصل اللبن في كل ذلك إلى جوف الصبي.

اَلرَّضَاعُ (ရည်ာအ်)၏ အဓိပ္ပါယ်

اَلرَّضَاعُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ နို့စို့ခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ နေကာဟ်ဟရာမ် ဖြစ်စေသည့် သတ်မှတ်ကာလတွင် နို့ချိုတိုက်ကျွေးခြင်းကို ခေါ်သည်။ ဆိုလိုသည်မှာ ကလေးငယ်တစ်ဦးသည် အမျိုးသမီး၏နို့ကိုစို့ခဲ့မည်။ သို့မဟုတ် တစ်နည်းနည်းဖြင့် ကလေးငယ်၏ပါးစပ်ထဲသို့ နို့ရည်ဝင်သွားပါက နို့တိုက်ခြင်း အတည်ဖြစ်သည်။

معنى الطلاق

الطلاق في اللغة ◀ مأخوذ من الإطلاق وهو الإرسال والترك ورفع القيد.

والطلاق في الشرع ◀ حل رابطة الزوج ورفع قيدالنكاح وإنهاء العلاقة الزوجية بألفاظ مخصوصة في الحال. كمافي ال الطلاق البائن. أو في المآل أي بعد مضي العدة كمافي طلاق الرجعي.

اَلطَّلَاقُ (ထွလားက်)၏ အဓိပ္ပါယ်

اَلطَّلَاقُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ လွှတ်ပေးခြင်း၊ စွန့်လွှတ်ခြင်း၊ အချုပ်အနှောင်အား ဖြေပေးခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ လက်ရှိအခြေအနေ သို့မဟုတ် အဆုံးရလဒ်အတွက် အထူးသတ်မှတ်ထားသော စကားလုံးများကို အသုံးပြု၍ လင်ခန်း၊မယားခန်း ရပ်စဲခြင်း၊ ကွာရှင်းပြတ်စဲခြင်းကို ခေါ်သည်။

أنواع الطلاق

الطلاق في الأصل نوعان:

(أ) طلاق السنة .

(ب) طلاق البدعة .

طلاق السنة:

وطلاق السنة نوعان:

(أ) أحسن.

(ب) حسن.

أحسن الطلاق ◀ أن يطلق الرجل امرأته تطليقة رجعية في طهر لم يجمعها فيه ويتركها حتى تنقضي عدتها.

الطلاق الحسن ◀ أن يطلق الرجل امرأته واحدة رجعية في طهر لم يجامعها فيه ثم يطلق في الطهر اللآخر واحدة ثم في الطهر الثالث واحدة.

သွလားက်၏အမျိုးအစားများ။

သွလားက်နှစ်မျိုးရှိသည်။ ❶ طَلَاقُ السُّنَّةِ (သွလားကွတ်စွန္နဟ်)

❷ طَلَاقُ الْبِدْعَةِ(သွလားကွတ်လ်ဗိဒ်အဟ်)

❶ طَلَاقُ السُّنَّةِ ဆိုသည်မှာ ကိုယ်တော်မြတ်ﷺ ထုံးဓလေ့နှင့်ညီသော ကွာရှင်းနည်းကို ခေါ်သည်။

طَلَاقُ السُّنَّةِ နှစ်မျိုးရှိသည်။

➤ أَحْسَنُ الطَّلَاقِ ﴾အဟ်စန်သွလားက်﴿

➤ الطَّلَاقُ الْحَسَنُ ﴾သွလားက်ဟစန်﴿

(က) أَحْسَنُ الطَّلَاقِ (အဟ်စန္နတ်သွလားက်) ဆိုသည်မှာ အမျိုးသားသည် ပေါင်းသင်းစပ်ယှက်ထားခြင်းမရှိသည့် ဇနီးသည်၏ သန့်ပြန့်သောကာလတွင် ပြန်လည်ရုတ်သိမ်း၍ရသောသွလားက် တစ်ကြိမ်ပေးပြီး အိဒ္ဒသ်(စောင့်ဆိုင်းကာလ) ကုန်ဆုံးသည်အထိ ပေါင်းသင်းစပ်ယှက်မှုမပြုဘဲ ကွာရှင်းခြင်းကို ခေါ်သည်။

(ခ) الطلاق الحسن (သွလားက်ဟစန်) ဆိုသည်မှာ အမျိုးသားသည် မိမိ၏ ဇနီးမယားအား ပေါင်းသင်းဆက်ဆံထားခြင်းမရှိသည့် သန့်ရှင်းသောကာလတွင် ပြန်လည်ရုတ်သိမ်း၍ရသောသွလားက် တစ်ကြိမ်စီပေးခြင်းကို ခေါ်သည်။

والسنة في الطلاق من وجهين :

(أ) سنة في الوقت.

(ب) سنة في العدد .

السنة في الوقت ◄ فيختلف فيها المدخول بها وغير المدخول بها، فإن الطلاق في الحيض يكره إذاكانت المرأة مدخولا بها،فأما غير المدخول بها فلايكره طلاقها في حالة الحيض.

السنة في العدد ◄ يستوي فيها المدخول بهاوغير المدخول بها،بأن يطلق المدخول بها أو غير المدخول بها طلاقا واحداويتركها حتى تنقضي عدتها .

သွလားက်တွင်စွန္နသ်နည်းလမ်းနှစ်သွယ်ရှိသည်။

(က) အချိန်ကာလတွင် စွန္နသ်ဖြစ်ခြင်း။

(ခ) အရေအတွက်တွင် စွန္နသ်ဖြစ်ခြင်း။

(က) အချိန်ကာလ၌ စွန္နသ်ဖြစ်ရာတွင် အခန်းအပ်ပြီးသားအမျိုးသမီးနှင့် မအပ်ရသေးသောအမျိုးသမီးကြားတွင် ကွာခြားမှု ရှိသည်။ အခန်းအပ်ပြီးသား အမျိုးသမီးအား ရာသီပန်းပွင့်ချိန်တွင် သွလားက်ပေးပါက (မက္ကရူဟ်) မနှစ်မြို့ဖွယ် ဖြစ်သည်။ မအပ်ရသေးသူဖြစ်ပါက မနှစ်မြို့ဖွယ် မဖြစ်ပေ။

(ခ)အရေအတွက်၌စွန့်သည်ဖြစ်ရာတွင် အခန်းအပ်ပြီးသူနှင့် မအပ်ရသေးသူ အတူတူပင်ဖြစ်သည်။ ၎င်း၏ပုံစံမှာ အခန်းအပ်ပြီးသူ သို့မဟုတ် မအပ်ရသေးသူအား သွလာႏက်တစ်ကြိမ်ပေး၍ စောင့်ဆိုင်းကာလကုန်သည်အထိ လွှတ်ထားလိုက်ခြင်းကို ခေါ်သည်။

طلاق البدعة

فأماطلاق البدعة نوعان:

(أ) طلاق البدعة في الوقت.

(ب) طلاق البدعة في العدد .

طلاق البدعة في الوقت ◀ أن يطلق المدخول بها في حالة الحيض أوفي طهرجامعها فيه .

طلاق البدعة في العدد ◀ أن يطلقها ثلاثا بكلمةواحدة،كأن يقول :"أنت طالق ثلاثا" .

وكذلك إن طلقهاثلاثافي طهرواحد .

طَلَاقُ الْبِدْعَةِ (သွလာႏကွလ်ဗိဒ်အဟ်)

طَلَاق الْبِدْعَةِ (သွလာႏကွလ်ဗိဒ်အဟ် (ခ) အသစ်တီထွင်ဖန်တီးထားသောသွလာက်) နှစ်မျိုးရှိသည်။

- طَلَاقُ الْبِدْعَةِ فِي الْوَقْتِ
- طَلَاقُ الْبِدْعَةِ فِي الْعَدَدِ

(က) طَلَاقُ الْبِدْعَةِ فِي الْوَقْتِ ဆိုသည်မှာ ရာသီပန်းပွင့်နေသော မိမိ၏ဇနီးသည်အား သွလာက်းပေးခြင်း (သို့မဟုတ်)ပေါင်းသင်းဆက်ဆံမှုပြုထားသည့် ရာသီပန်းပွင့်ချိန်နှစ်ခုကြားရှိ သန့်သောကာလတွင် သွလားက်ပေးခြင်းကို ခေါ်သည်။

(ခ) طَلَاقُ الْبِدْعَةِ فِي الْعَدَدِ ဆိုသည်မှာ အမျိုးသားသည် ကွာရှင်းကြောင်း﴾၃﴿ကြိမ် တစ်ခါတည်း ကြေညာပြီး ကွာရှင်းခြင်းကို ခေါ်သည်။ "ကျွန်ုပ် အသင်မကို သုံးသွလာက်ပေး၍ကွာရှင်းသည်" သို့မဟုတ် "ကျွန်ုပ် အသင်မကိုသွလားက်ပေးသည်၊သွလားက်ပေးသည်၊သွလားက်ပေးသည်" ဟူ၍ဖြစ်သည်။

طلاق الصريح والكناية

والطلاق على ضربين :

(أ) صريح .

(ب) كناية .

الصريح ◀ أن يوقع الطلاق بلفظ اشتق من لفظ"الطلاق" ،نحو قولك :"أنت طالق" و"أنت مطلقة"و"طلقتك"

الكناية ◀ أن يوقع الطلاق بألفاظ دالة على البينونة والقطع والحرمة ولم توضع للطلاق وتحتمل الطلاق وغير الطلاق .

သွလားက်ပေးသောပုံစံနှစ်မျိုး

❶ صَرِيْحٌ (ဆွရီးဟ်)

❷ كِنَايَةٌ (ကေ့နာယဟ်)

❶ صَرِيْحٌ ဆိုသည်မှာ ➡ အတိအလင်း ထုတ်ဖော်ပြောဆို၍ သွလားက်ပေးခြင်းကို ခေါ်သည်။

ဥပမာ။ ။ اَلطَّلَاقُ (သွလားက်)ဆိုသောပုဒ်မှ ဆင်းသက်လာသော စကားလုံးအားသုံး၍ သွလားက်ပေးခြင်း။

❷ كِنَايَةٌ ဆိုသည်မှာ ➡ သွယ်ဝိုက်၍ သွလားက်ပေးခြင်းကို ခေါ်သည်။ ဆိုလိုသည်မှာ မပြုပိုင်သော၊ ဖြတ်တောက်သော၊ ကွဲကွာသော အဓိပ္ပာယ်များကို ညွှန်ပြသော စကားလုံးများဖြင့် ကွာရှင်းခြင်းကို ခေါ် သည်။ ၎င်းစကားလုံးများသည် သွလားက်အတွက် သတ်မှတ်ထားသော စကားလုံးများ မဟုတ်ပေ။ သွလားက်အတွက် ယူဆနိုင်သကဲ့သို့ အခြားသော အဓိပ္ပာယ်လည်း ယူဆနိုင်ပေသည်။

عددالطلاق

طلاق الأمة تطليقتان، وعدتها حيضتان، حرا كان زوجها أوعبدا .

وطلاق الحرة ثلاث ، حرا كان زوجها أوعبدا .

သွလားက်၏အရေအတွက်

ကျွန်အမျိုးသမီး၏သွလားက်သည် နှစ်ကြိမ်ဖြစ်သည်။ ၎င်း၏ အိဒ္ဒသ် (စောင့်ဆိုင်းကာလ) မှာလည်း နှစ်လဖြစ်သည်။ သူမ၏အမျိုး သားသည် လွတ်လပ်သူဖြစ်စေ၊ ကျွန်ဖြစ်စေ။

လွတ်လပ်သောသူမ၏သွလားက်သည် သုံးကြိမ်ဖြစ်သည်။ သူမ ၏ အမျိုးသားသည် လွတ်လပ်သူ ဖြစ်စေ၊ ကျွန်ဖြစ်စေ။

أحكام الطلاق الرجعي والبا ئن والمغلظ

الطلاق الرجعي ◄ إذاطلق الرجل امرأته تطليقة رجعية أوتطليقتين ، فله أن يراجعها في عدتها ، رضيت المرأة بالرجعة أولم ترض .

والرجعة ◄ أن يقول لها : راجعتك أو راجعت امرأتي . وكذلك تصح الرجعة بالعمل ، بأن يطأها ، أويقبلها ، أويلمسها بشهوة ، أوينظرإلى فرجها بشهوة.

ويستحب له أن يشهدعلى الرجعة ، وإن لم يشهد صحت الرجعة .

اَلطَّلَاقُ الرَّجْعِيُّ 《သွလားက်ရရ်ဂျအီ》၊ اَلطَّلَاقُ الْبَائِنُ 《သွလားက်ဗာအင်န်》၊ اَلطَّلَاقُ الْمُغَلَّظُ 《သွလားက်မုဂတ်လသ္သ်》 တို့၏အမိန့်များ

اَلطَّلَاقُ الرَّجْعِيُ (သွလားက်ရရ်ဂျအီ)ဆိုသည်မှာ ပြန်လည်ရုတ် သိမ်းနိုင်သော ကွာရှင်းပြတ်စဲခြင်းကိုခေါ်သည်။ လင်ယောကျ်ားသည် မိမိ၏ဇနီးအား သွလားကွတ်ရရ်ဂျအီ တစ်ကြိမ်(သို့မဟုတ်)နှစ်ကြိမ်ပေး ခဲ့ပါက လင်ယောကျ်ားအနေဖြင့် မိမိ၏ဇနီးအား အိဒ္ဒသ်အချိန်ကာလ

မကုန်မီ ရုတ်သိမ်းခွင့်ရှိသည်။ အမျိုးသမီးသည် ပြန်လည်ရုတ်သိမ်းခြင်းကို ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ။

ပြန်လည်ရုတ်သိမ်းရာတွင် နည်းလမ်းနှစ်သွယ်ရှိသည်။

- အတိအလင်းထုတ်ဖော်ပြောဆို၍ ရုတ်သိမ်းခြင်း။ ဥပမာ-ကျွန်တော့်မိန်းမကို ပြန်လည်သိမ်းပိုက်ပါတယ်။
- အပြုအမူအားဖြင့် ရုတ်သိမ်းခြင်း။ ဥပမာ- ဇနီးသည်အား နမ်းလိုက်ခြင်း။ သို့မဟုတ် ရာဂစိတ်ဖြင့် ဇနီးသည်အား ထိတွေ့ကိုင်တွယ်လိုက်ခြင်း။

အတိအလင်းထုတ်ဖော်ပြောဆို၍ ရုတ်သိမ်းရာတွင် သက်သေမပါရှိသော်လည်း တရားဝင်သည်။ သို့ရာတွင် သက်သေရှိပါက ပိုကောင်းသည်။

الطلاق البائن ◀ الطلاق البائن يحرم الوطء ، فإن كان دون الثلاث واحدا أواثنين . فله أن يتزوجها في عدتها وكذا بعد انقضاء عدتها .

اَلطَّلَاقُ الْبَائِنُ (သွလားက်ဗာအင်န်(ခ) ပြန်လည်ရုတ်သိမ်း၍မရသောသွလားက်) ဆိုသည်မှာ လင်ယောကျ်ားအတွက် မိမိ၏ဇနီးသည်နှင့် ပေါင်းသင်းဆက်ဆံခြင်းကို တားမြစ်သောသွလားက်ကို ခေါ်သည်။ အကယ်၍ 《၃》ကြိမ်ထက်နည်း၍ သွလားက်ပေးခဲ့ပါက အိဒ္ဒသ်ကာလတွင်ဖြစ်

စေ၊ အိဒ္ဒသ်ကုန်ဆုံးပြီးနောက်ဖြစ်စေ နေကာဟ်အသစ်ပြန်ဖတ်ခွင့်ရှိသည်။

الطلاق المغلظ –وهو الطلاق الثلاث – ◀ إن كان الطلاق ثلاثا في الحرة أواثنين في الأمة فالطلاق مغلظ ، فلا تحل له من بعد حتى تنكح زوجا غيره نكاحا صحيحا بعدانقضاء العدةويدخل بها ، ثم يطلقها أويموت عنهاومضت عدتها .

الصبي المراهق فى التحليل كالبالغ .

وإذاتزوجها بشرط التحليل فالنكاح مكروه ، فإن طلقها بعدوطئها حلت للأول .

اَلطَّلَاقُ الْمُغَلَّظُ (သွလားက် မုဂလ်လသွ်)ဆိုသည်မှာ ﴾၃﴿သွလားက်ဖြင့်အပြီးသတ် ကွာရှင်းပြတ်စဲခြင်းကို ခေါ်သည်။ ﴾၃﴿သွလားက်ပေးခဲ့ပါက မိန်းမဖြစ်သူသည် အိဒ္ဒသ်ကုန်ဆုံးပြီးနောက်ပိုင်းတွင် နောက်အိမ်ထောင်ပြုမည်။ ဒုတိယအိမ်ထောင်သည်နှင့် ပေါင်းသင်းစပ်ယှက်မှုပြုကာ ထိုယောက်ျားနှင့်လည်း တရားဝင်ကွာရှင်းပြီးနောက် အိဒ္ဒသ်ရက်ကုန်ဆုံးသွားပါက ထိုမိန်းမသည် ပထမယောက်ျားနှင့် ပြန်လည်၍ထိမ်းမြားလိုပါက ထိမ်းမြားနိုင်ပေသည်။

معنى الإيلاء

الإيلاء لغة ◀ مصدرآلى يولى إيلاء،وهواليمين .

وفي الشرع ◀ عبارة عن اليمين على ترك الوطء في الزوجة مدة مخصوصة بحيث لايمكنه الوطء إلا بحنث يلزمه بسبب اليمين .

اَلْإِيْلَاءُ (အီလာအ်)၏အဓိပ္ပါယ်

اَلْإِيْلَاءُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ ကျိန်ဆိုခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ အမျိုးသားသည် မိမိ၏ဇနီးမယားအား အချိန်ကာလတစ်ခု (လေးလထက်မနည်းသော ကာလ)အထိ ပေါင်းသင်းဆက်ဆံမှုမပြုဘဲ ရှောင်ကျဉ်ပါမည်ဟု ဖန်ဆင်းရှင်ကို တိုင်တည်၍ ကျိန်ဆိုခြင်းကို ခေါ်သည်။ ကျိန်ဆိုထားသော ကာလအတွင်း မိမိ၏ဇနီးသည်နှင့် ဆက်ဆံလိုပါက မိမိ၏ကျိန်ဆိုချက်ကို ဖောက်ဖျက်မှသာလျှင် ဖြစ်နိုင်ပေသည်။

معنى الخلع

الخلع لغة ◀ النزع ، يقال : خلعت النعل خلعا : أي نزعته .

الخلع شرعا ◀ إزالة ملك النكاح بلفظ الخلع أو بما في معناه الموقوفة على قبول المرأة .

اَلْخُلْعُ (ခိုလာအ်)၏အဓိပ္ပါယ်

اَلْخُلْعُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ အရာတစ်ခုခုမှ ချွတ်ခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ ခိုလာအ်ဆိုသောစကားလုံး(သို့မဟုတ်)ခိုလာအ်ကဲ့သို့ အမျိုးသမီး၏ကျေနပ်မှုအပေါ်တွင်

မှုတည်သော စကားလုံးတို့ဖြင့် နေကာဟ်၏ပိုင်ဆိုင်မှုကို ပယ်ဖျက်လိုက်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ အမျိုးသမီးဘက်မှ ကွာရှင်းရန်တောင်းဆိုခြင်းကို ခေါ်သည်။

معنى الظهار

الظهارلغة ◀ مصدرظاهرمن امرأته إذاقال لها : أنت علي كظهر أمي .

الظهار شرعا ◀ تشبيه المنكوحة بالمحرمة على سبيل التأبيد بنسب أورضاع أومصاهرة .

اَلظِّهَارُ (ဇှေဟာရ်)၏အဓိပ္ပါယ်

اَلظِّهَارُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ မိမိဇနီးသည်၏ကျောပြင်အား မိခင်၏ကျောပြင်နှင့် တူဆင်သည်ဟု ခိုင်းနှိုင်းပြောဆိုခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အမျိုးသားသည် မိမိ၏ဇနီးသည်ကို ရှရီအသ်အရ ထိမ်းမြားခြင်းမပြုရန် ဟရာမ်အဖြစ်တားမြစ်ပိတ်ပင်ထားသော အမျိုးသမီးတစ်ဦးဦးနှင့် တူညီသည်ဟု နှိုင်းယှဉ်ပြောဆိုခြင်းကို ဇှေဟာရ် ဟုခေါ်သည်။

معنى اللعان

اللعان لغة ◀ مصدر لاعن يلاعن ملاعنة ولعانا : وهو الطرد والإبعاد .

وشرعا ◀ شهادات تجري بين الزوجين مقرونة باللعن والغضب .

اَللِّعَانُ (လေ့အာန်)၏အဓိပ္ပါယ်

اَللِّعَانُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ မောင်းထုတ်ခြင်း၊ ဝေးကွာအောင်ပြုလုပ်ခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ လင်နှင့်မယား၏ကြားတွင် ဒေါသ၊ ကျိန်ဆဲခြင်းများဒွန်တွဲနေသော သက်သေထွက်ဆိုမှုအား အပြန်အလှန်ပြုလုပ်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ လင်ယောကျ်ားသည် မိမိ၏ဇနီးအား ကာမေသုမိစ္ဆာစာရမှု ကျူးလွန်သည်ဟု စွပ်စွဲပြီးနောက် သက်သေမထူနိုင်သည့်အဆုံးတွင် ဇနီးမောင်နှံနှစ်ဦး အချင်းချင်းအပြန်အလှန်ဖြင့် ကျိန်ဆဲခြင်းကို “လေအာန်”ဟု ခေါ်သည်။

معنى العدة

العدة ◀ هي المدة التي تنتظرها المرءة ولا يحل لها أن تتزوج فيها بعد وفاة زوجها أو حدوث الطلاق.

اَلْعِدَّةُ (အိဒ္ဒသ်)၏အဓိပ္ပါယ်

اَلْعِدَّةُ (ခေါ်) စောင့်ဆိုင်းကာလဆိုသည်မှာ ဇနီးမယားသည် မိမိလင်ယောကျ်ား သေဆုံးသွားသည့်အခါဖြစ်စေ၊ လင်မယားကွာရှင်းသည့်အခါဖြစ်စေ၊ လင်ခန်းမယားခန်းပြီးဆုံးသည့်အချိန်မှစ၍ သတ်

မှတ်ထားသော ကာလအပိုင်းအခြားအထိ တရားဝင်ထိမ်းမြားမှုမပြုနိုင်သည့် ဆိုင်းငံ့ကာလကို ခေါ်သည်။

《اَلْبَابُ الثَّانِيْ》

အခန်း(၂)

معنى الأيمان

الأيمان جمع يمين وهي لغة ◀ القوة .

وشرعا ◀ عبارة عن عقد قوي به عزم الحالف على الفعل أوالترك.

اَلْأَيْمَانُ (အိုင်မားန်)၏အဓိပ္ပါယ်

اَلْأَيْمَانُ (အိုင်မားန်)ဆိုသည်မှာ يَمِيْنٌ ၏အများကိန်းဖြစ်သည်။ အရဗီဘာသာစကားတွင် ➲ အင်အားကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ကျိန်ဆိုသူအား အလုပ်လုပ်ခြင်း၊ မလုပ်ခြင်းနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား ခိုင်မာစေသော ပဋိညာဉ်ကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ကျိန်ဆိုခြင်းဟု ခေါ်သည်။

أنواع اليمين

الأيمان ثلاثة أضرب :

(أ) يمين غموس .

(ب) يمين لغو .

(ج) يمين منعقدة .

اَلْيَمِيْنُ (ယမီးန်)၏အမျိုးအစားများ

اَلْيَمِيْنُ သုံးမျိုးရှိသည်။

❶ اَلْيَمِيْنُ الْغَمُوْسُ (အလ်ယမီးနွလ်ဂမူးစ်)

❷ يَمِيْنُ اللَّغْوِ (ယမီးနွတ်လဂ်ဝ်)

❸ اَلْيَمِيْنُ الْمُنْعَقِدُ (အလ်ယမီးနွတ်လ်မွန်အကိဒ်)

يمين غموس

الغموس لغة ◀ بضم الغين والميم مصدرغمس النجم يغمس من باب ضرب أي غاب . وغمس اليمين الكاذبة صاحبها في الإثم ، أوقعته فيه.

الغموس شرعا ◀ هي اليمين الكاذبة قصدا ، سواء كان واقعا في الماضي كقوله: "والله لقددخلت هذه الدار ، وهو يعلم أنه لم يدخلها أو كان واقعا في الحال" كقوله: "والله إنه عمرو ، وهو يعلم أنه زيد ونحوها" .

اَلْيَمِيْنُ الْغَمُوْسُ အဓိပ္ပါယ်

اَلْيَمِيْنُ الْغَمُوْسُ ဆိုသည်မှာ غَمَسَ သည် အရဗီဘာသာစကားတွင် ➲ ပျောက်ကွယ်ခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ အတိတ်နှင့်ပစ္စုပ္ပန် ကာလတွင် ဖြစ်ပျက်ခဲ့သော ကိစ္စရပ်နှင့် စပ်လျဉ်း၍ သိလျက် တမင် လိမ်လည်ကျိန်ဆိုခြင်းကို ခေါ်သည်။

يمين لغو

اللغو لغة ◀ مصدر لغا يلغو لغوا أي أخطأ وقال باطلا . واللغو من الكلام : ما يبدر من اللسان ولايراد معناه .

اللغو شرعا ◀ هي اليمين الكاذبة خطأ ، بأن قال : والله مادخلت هذه الدار، وعنده كذلك ، والأمر بخلافه ، أو رأى طيرا من بعيد فظنه غرابا فقال : والله إنه لغراب ، فإذاهو حمام .

يَمِيْنُ اللَّغْوِ ၏အဓိပ္ပါယ်

يَمِيْنُ اللَّغْوِ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ မှားယွင်းခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ အတိတ်၌ဖြစ်ပျက်ခဲ့သောကိစ္စရပ်နှင့်စပ်လျဉ်း၍ မိမိ၏ကျိန်ဆိုချက်အတိုင်း မှန်ကန်သည်ဟု ယူဆကာ ကျိန်ဆိုခြင်းကိုခေါ်သည်။ လက်တွေ့တွင် ကျိန်ဆိုသူ၏ယူဆချက်သည် မှားလျက်ရှိသည်။

اليمين المنعقدة ◄ وهي أن يحلف على الأ مر المستقبل أن يفعله أو لا يفعله بأن قال : واللہ لأدخلن بيت زيد ، أو واللہ لا أدخل بيت زيد .

اَلْيَمِيْنُ الْمُنْعَقِدُ ၏အဓိပ္ပါယ်

اَلْيَمِيْنُ الْمُنْعَقِدُ ဆိုသည်မှာ အနာဂတ်တွင် ဖြစ်မည့်ကိစ္စရပ်နှင့်ပတ်သက်၍ (ဥပမာ ကျွန်တော်သည် ဤအလုပ်ကို လုပ်မည်ဟူ၍လည်းကောင်း၊ ပြုလုပ်မည်မဟုတ်ဟူ၍လည်းကောင်း) ကျိန်ဆိုခြင်းကို ခေါ်သည်။

معنى النذر

النذر لغة ◄ ما يقدمه المرء لربه أو يو جبه على نفسه من صدقة أوعبادة .

والنذر شرعا ◄ أن توجب على نفسك ماليس بواجب بحدوث أمر .

اَلنَّذْرُ (နဇရ်)၏အဓိပ္ပါယ်

اَلنَّذْرُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ အရှင့်အတွက် ကြိုတင်ပို့ဆောင်ထားသော ကုသိုလ်တစ်ခုခုကိုသော်လည်းကောင်း၊ ကောင်းမှု (သို့မဟုတ်) အလှူဒါနတစ်ခုခုအား မိမိအပေါ်တွင် သတ်မှတ်လိုက်ခြင်းကိုသော်လည်းကောင်း ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ အကြောင်းကိစ္စ တစ်ခုဖြစ်မြောက်ရန် ရည်ရွယ်ပြီး တာဝန်မရှိသော အရာတစ်ခုကို တာဝန်တစ်ရပ်အဖြစ် သတ်မှတ်လိုက်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ “ကိုး” ခြင်းဟု ခေါ်သည်။

《اَلْبَابُ الثَّالِثُ》

အခန်း(၃)

معنى البيوع

البيع لغة ◀ مبادلة المال بالمال .

والبيع شرعا ◀ مبادلة المال بالمال بالتراضي .

اَلْبَيْعُ (ဘိုင်းအ်)၏အဓိပ္ပါယ်

اَلْبَيْعُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ပစ္စည်းချင်း လဲလှယ်ခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ နှစ်ဦးနှစ်ဖက်ကျေနပ်မှုဖြင့် ရောင်းဝယ်ဖောက်ကားခြင်းကို ခေါ်သည်။

تعريف المبيع والثمن

المبيع ◀ مايتعين بالتعيين .

الثمن ◀ مالايتعين بالتعيين .

اَلْمَبِيْعُ (မဘီးအ်)နှင့် اَلثَّمَنُ (စမန်)၏အဓိပ္ပါယ်ဖွင့်ဆိုချက်

اَلْمَبِيْعُ ဆိုသည်မှာ ➲ အရောင်းအဝယ်လုပ်သော ပစ္စည်းကိုခေါ်သည်။ ၎င်းသည် အတိအကျ သတ်မှတ်နိုင်သည်။

اَلثَّمَنُ ဆိုသည်မှာ ➡ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဈေးကို ခေါ်သည်။
၎င်းသည်အတိအကျ မသတ်မှတ်နိုင်ပါ။

اَلْقِيْمَةُ ဆိုသည်မှာ ➡ ကာလပေါက်ဈေးကို ခေါ်သည်။

معنى الفضولي

الفضولي ◀ هومن با ع ملك غيره بغير أمره.

بَيْعُ الْفُضُوْلِي (ဖုသူလီ)၏အဓိပ္ပါယ်

اَلْفُضُوْلِي ဆိုသည်မှာ ➡ အခြားသူတစ်ဦး၏ပစ္စည်းအား ၎င်း၏ ခွင့်ပြုချက်မပါဘဲ အရောင်းအဝယ်လုပ်ခြင်းကို ခေါ်သည်။

معنى خيارالشرط

خيارالشرط لغة ◀ هوالحق في فسخ العقد خلال مدة.

وخيارالشرط في الإصطلاح ◀ هوأن يشترط أحدالمتعاقدين أوكلاهما أن له الخيارمدة معينة ليقررهل يلتزم بالبيع أويرده. وله نوعا :

(أ) خيارالشرط المشروع.

(ب) خيارالشرط غيرالمشروع.

خيارالشرط المشروع ◀ أن يذكر وقتا معلوما ولم يجاوز عن ثلاثة أيام، بأن قال: "بعت أواشتريت هذاالشئ على أني بالخيار يوما أويومين أوثلاثة أيام".

خيارالشرط غير المشروع ◄ فهو أن يذكرالخيار مؤبدا بأن قال : بعت أواشتريت على أني بالخيار أبدا ، أوذكرالخيارولم يبين وقتا أصلا بأن قال : على أني بالخيار، أو ذكر وقتا مجهولا بأن قال : علي أني بالخيار أياما ولم يبين وقتا معلوما.

خِيَارُ الشَّرْطِ (ခေ့ယား ရွတ်ရှရ်သွ်)၏ အဓိပ္ပါယ်

خِيَارُالشَّرْطِ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ သတ်မှတ်ထားသော ကာလအတွင်း၌ အရောင်းအဝယ်ကို ဖျက်နိုင်သော အခွင့်အရေးကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အရောင်းအဝယ်လုပ်ရာ၌ ရောင်းသူနှင့် ဝယ်သူ နှစ်ဦးအနက် တစ်ဦးသော်လည်းကောင်း၊ နှစ်ဦးစလုံးသော်လည်းကောင်း အရောင်းအဝယ်လုပ်မည်၊ မလုပ်မည်ကို ရက်ကာလသတ်မှတ်၍ စဉ်းစားခွင့်ယူခြင်းကို ခေါ်သည်။

စဉ်းစားခွင့် (၂)မျိုးရှိသည်။

❶ တရားတော်မှ ပြဋ္ဌာန်းထားသော စဉ်းစားပိုင်ခွင့်။

❷ တရားတော်မှ ပြဋ္ဌာန်းမထားသော စဉ်းစားပိုင်ခွင့်။

❶ တရားတော်မှ ပြဋ္ဌာန်းထားသော စဉ်းစားပိုင်ခွင့်ဆိုသည်မှာ စဉ်းစားမည့်ရက်ကို အတိအကျ တင်ပြ၍ပြောဆိုခြင်းကို ခေါ်သည်။ စဉ်းစားမည့်ရက်သည် ﴿၃﴾ရက်ထက် မကျော်ရပေ။

❷ တရားတော်မှ ပြဋ္ဌာန်းမထားသော စဉ်းစားပိုင်ခွင့်ဆိုသည်မှာ အမြဲတမ်းအတွက် စဉ်းစားခွင့်ရှိသည်ဟု ပြောခြင်း၊ သို့မဟုတ် စဉ်းစားမည်ကို သာပြော၍ အချိန်ကာလကိုမပြောခြင်း၊ သို့မဟုတ် အချိန်ကာလကို ပြောသော်လည်း အတိအကျ မသတ်မှတ်ခြင်းတို့ကို ခေါ်သည်။

معنى خيار الرؤية

من اشترى شيئا لم يره فالبيع جائز ، وله الخيار إذارآه ، إن شاءأخذه وإن شاءتركه، ويسمى هذالخيار خيار الرؤية.

خِيَارُ الرُّؤْيَةِ (ခေ့ယားရွတ်ရွအ်ယဟ်)၏ အဓိပ္ပါယ်

خِيَارُ الرُّؤْيَةِ ဆိုသည်မှာ မမြင်ဘူးသောပစ္စည်းတစ်ခုကို ဝယ်ခဲ့၍ မြင်တွေ့ရသောအခါ ကြိုက်၏၊ မကြိုက်၏ စဉ်းစားခွင့်ရခြင်းကို ခေါ်သည်။

معنى خيار العيب

إذااطلع على عيب في المبيع, فهو الخيار إن شاء أخذه بجميع الثمن, وإن شاءرده.

حد العيب ◀ كل ماأوجب نقصان القيمة والثمن في عادة التجار فهو عيب ، يوجب خيار العيب، ومالايوجب نقصان القيمة والثمن فليس بعيب .

خِيَارُالْعَيْبِ (ခေ့ယာရွလ်အိုက်ဘ်)၏အဓိပ္ပါယ်

خِيَارُ الْعَيْبِ ဆိုသည်မှာ ဝယ်ယူခဲ့သောပစ္စည်းတွင် အပြစ်အနာအဆာ ပါသောကြောင့် ဝယ်ခြင်းနှင့် ပြန်လည်အပ်နှံခြင်းတို့တွင် ရွေးချယ်ခွင့် ရှိခြင်းကိုခေါ်သည်။

اَلْعَيْبُ (အိုက်ဘ်)၏အဓိပ္ပါယ်

اَلْعَيْبُ ဆိုသည်မှာ ကုန်သည်များထံတွင် ➡ ဈေးလျှော့စေသော အပြစ်အနာအဆာကို ခေါ်သည်။

معنى البيع المكروه

إذانهى عن البيع بقبح مجاور به لا بقبح متصل به ، فهذاالبيع مكروه ، وليس بباطل ولافاسد.

ومايلي بعض أمثلة هذا البيع :

(أ) النجش .

(ب) السوم على سوم غيره .

(ج) تلقى الجلب.

اَلْبَيْعُ الْمَكْرُوْهُ (ဘိုင်းအွန်မက်ရူးဟ်)၏အဓိပ္ပါယ်

အရောင်းအဝယ်နှင့်ဆက်နွယ်နေသော မလျော်ကန်မှု တစ်စုံတစ်ရာကြောင့်မဟုတ်ဘဲ ထိုအရောင်းအဝယ်နှင့် နီးကပ်နေသော မလျော်ကန်မှု တစ်ခုခုကြောင့် တားမြစ်ထားသော အရောင်းအဝယ်ကို اَلْبَيْعُ الْمَكْرُوْهُ ဟုခေါ်သည်။

اَلْبَيْعُ الْمَكْرُوْهُ စာရင်းဝင်သော အရောင်းအဝယ် အချို့မှာ

❶ اَلنَّجَشُ (နဂျရှ်) ဈေးဆိုင်နေသောသူ ဝယ်ချင်စိတ်ပြင်းပြလာရန် ဝယ်လိုသောဆန္ဒမရှိဘဲ ဈေးပိုပေးခြင်း ။

❷ اَلسَّوْمُ عَلَى سَوْمِ غَيْرِه (စောင်းမ် အလာစောင်းမေ့ဂိုင်းရေ့ဟ်) သူတစ်ပါးဈေးတည့်ပြီးသား ပစ္စည်းကို ဈေးကြီးပေး၍ ဝယ်ခြင်း ။

❸ تَلَقِّي الْجَلَبِ (သလပ်ကွလ်ဂျလဘ်) တစ်ခြားနယ်မှ ဈေးတွင်ရောင်းချရန်သယ်လာသောပစ္စည်းအား လမ်းခုလပ်တွင် ဖြတ်ဝယ်ခြင်း။

معنى الإقالة

الإقالة لغة ◀ من القيل أي الرفع وإزالة القول .

والإقالة شرعا ◀ رفع البيع .

اَلْإِقَالَةُ (အေကာလာဟ်)၏အဓိပ္ပါယ်

اَلْإِقَالَةُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ရုတ်သိမ်းခြင်း၊ ပြောထားသောစကားကို ပယ်ဖျက်ခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ပြီးမြောက်ပြီးသား အရောင်းအဝယ်အား ပြန်ဖျက်ခြင်းကို ခေါ်သည်။

أنواع البيع في حق البدل تنقسم إلى خمسة أنواع :

(١) **بيع المساومة** ◄ وهو البيع بأي ثمن اتفق وهو المعتاد.

(٢) **بيع المرابحة** ◄ وهو تمليك المبيع بمثل الثمن الأول وزيادة ربح.

(٣) **بيع التولية** ◄ وهو تمليك المبيع بمثل الثمن الأول من غير زيادة ولانقصان.

(٤) **الإشراك** ◄ وهو بيع التولية في بعض المبيع من النصف والثلث وغير ذلك.

(٥) **بيع الوضيعة** ◄ وهو تمليك المببيع بمثل الثمن الأول مع نقصان شيئ منه.

အရောင်းအဝယ်၏ အမျိုးအစားများအကြောင်း

အရောင်းအဝယ် ﴿၅﴾မျိုးရှိသည်။

❶ ဗိုင်းအွလ်မိုစာဝမာဟ် ﴿بَيْعُ الْمُسَاوَمَةِ﴾

❷ ဗိုင်းအွလ်မိုရာဗဟာဟ် ﴿بَيْعُ الْمُرَابَحَةِ﴾

❸ ဗိုင်အွတ်သောင်လေ့ရာဟ် ﴿بَيْعُ التَّوْلِيَةِ﴾

❹ အလ်အိရ်ှရာက် ﴾الْإِشْرَاكُ﴿

❺ ဗိုင်အွတ်လ် ဝဿွီးအဟ် ﴾بَيْعُ الْوَضِيْعَةِ﴿

➊ ဗိုင်းအွလ်မိုစာဝမာဟ် ﴾بَيْعُ الْمُسَاوَمَةِ﴿ဆိုသည်မှာ လက်ရှိပတ်ဝန်းကျင်တွင် ကျင့်သုံးနေသော အရောင်းအဝယ်ကို ခေါ်သည်။ ဆိုလိုသည်မှာ ရောင်းဝယ်စဉ် နှစ်ဦးသဘောတူခဲ့သော ဈေးနှုန်းအတိုင်း အရောင်းအဝယ်လုပ်ခြင်း ကိုခေါ်သည်။

➋ ဗိုင်းအွလ်မိုရာဗဟာဟ် ﴾بَيْعُ الْمُرَابَحَةِ﴿ဆိုသည်မှာ အမြတ်တင်၍ ရောင်းခြင်းကိုခေါ်သည်။

➌ ဗိုင်အွတ်သောင်လေ့ရာဟ် ﴾بَيْعُ التَّوْلِيَةِ﴿ဆိုသည်မှာ အရင်းအတိုင်း ရောင်းခြင်းကို ခေါ်သည်။

➍ အလ်အိရ်ှရာက် ﴾الْإِشْرَاكُ﴿ ဆိုသည်မှာ ဝယ်ခဲ့သောပစ္စည်း၏တချို့တစ်ဝက်အား အရင်းအတိုင်း ပြန်ရောင်းခြင်းကို ခေါ်သည်။

➎ ဗိုင်အွတ်လ်ဝဿွီးအဟ် ﴾بَيْعُ الْوَضِيْعَةِ﴿ဆိုသည်မှာ အရှုံးခံ၍ရောင်းခြင်းကို ခေါ်သည်။

معنى الربا

الربا لغة ◀ الزيادة.

الربا شرعا ◀ هو نوعان.

(أ) ربا الفضل .

(ب) ربا النسيئة .

ربا الفضل شرعا ◀ هو عبارة عن فضل مال لا يقابله عوض في معاضة مال بمال بأن يبيع الذهب بالذهب أو الفضة بالفضة ، أوالبر بالبر أوالشعير بالشعير مع زيادة .

ربا النسيئة لغة ◀ التأخير .

رباالنسيئة شرعا ◀ هو بيع المكيل أو الموزون بجنسه أو بغير جنسه نسيئةوكذابيع غيرالمكيل والموزون بجنسه نسيئة.

اَلرِّبَا (ရေဘာ)၏အဓိပ္ပါယ်

اَلرِّبَا (ရေဘာ)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ သာပို ခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ ရေဗလ်ဖသွ်လ် (رِبَاالْفَضْلِ)နှင့် ရေဗတ်နစီးအဟ်(رِبَاالنَّسِيْئَةِ) ဟူ၍ ရေဗာဟ် နှစ်မျိုးရှိ သည်။

ရေဗလ်ဖသွ်လ်(رِبَاالْفَضْلِ)ဆိုသည်မှာ ရွှေကိုရွှေဖြင့်၊ ဆန်ကို ဆန်ဖြင့် ကဲ့သို့သော မျိုးတူနှစ်ခုကို အရောင်းအဝယ်လုပ်ရာတွင် တစ် ဘက်ဘက်မှ အပိုယူခြင်းကို ခေါ်သည်။

ရေဗတ်နစီးအဟ်(رِبَا النَّسِيْئَةِ)ဆိုသည်မှာ အတ်နစီးအဟ်သည် အရဗီဘာသာစကားတွင် ➡ နောက်ဆိုင်းခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ ချင့်၊ ချိန်ရသော ပစ္စည်းကို အရောင်းအဝယ်လုပ်ရာတွင်တစ်ဘက်မှ အကြွေးဖြစ်နေခြင်း။ မျိုးတူသည်ဖြစ်စေ(ဥပမာ-ဆန်နှင့်ဆန်)၊ မျိုးမတူသည်ဖြစ်စေ(ဥပမာ- ရွှေနှင့်စပါး)။

ချင့်၊ချိန်၍ရောင်းလေ့မရှိသော ပစ္စည်းကို မျိုးတူအချင်းချင်း (ဥ ပမာ- ကလောင်တံနှင့်ကလောင်တံ)ရောင်းဝယ်ရာတွင် တစ်ဘက် ဘက်မှ အကြွေးဖြစ်နေခြင်း။

မြန်မာအခေါ်အဝေါ်တွင် ➡ အတိုးကို ခေါ်သည်။

معنى السلم

السلم لغة ◀ عقد يثبت به الملك في الثمن عاجلا وفي المبيع آجلا .

والسلم شرعا ◀ عبارة عن عقد يثبت يه الملك في الثمن عاجلا وفي المبيع آجلا مع زيادة شرائط ورد بها الشرع .

بَيْعُ السَّلَم (ဘိုင်းအွတ်စလမ်)၏အဓိပ္ပါယ်

بَيْعُ السَّلَمِ (ဘိုင်းအွတ်စလာမ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ပစ္စည်းတန်ဖိုးကို လက်ငင်းချေရပြီး ပစ္စည်းကို အချိန်အတိုင်းအတာတစ်ခုအထိနောက်ဆိုင်းပြီးမှသာ ပိုင်ဆိုင်ရသော အရောင်းအဝယ်ကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ တရားတော်မှပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ ငွေကြိုပေးစနစ်ဖြင့် အရောင်းအဝယ်လုပ်ခြင်းကိုခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ငွေကြိုပေးစနစ်ကို ခေါ်သည်။

رب السلم ◀ هو المشتري.

مسلم إليه ◀ هو البائع .

رأس المال ◀ الثمن .

مسلم به ◀ المبيع .

ဗိုင်းအ္ဆတ်စလမ်ဆိုင်ရာ အသုံးအနှုန်းများ

رَبُّ السَّلَمِ (ရတ်ဘ္ဗတ်စလမ်)= ငွေကြိုပေးစနစ်ဖြင့် ဝယ်ယူသူ။

مُسَلَّمٌ إِلَيْهِ (မုံစလမ်အေလိုင်းဟ်)= ငွေကြိုပေးစနစ်ဖြင့် ရောင်းသူ။

رَأْسُ الْمَالِ (ရအ်စွလ်မားလ်)= ငွေကြိုပေးစနစ်ဖြင့် ဝယ်ယူသောအခါ ပေးချေရသော ဈေးနှုန်း။

مُسَلَّمٌ بِهِ (မုံစလမ်ဘေဟီ)= ငွေကြိုပေးစနစ်ဖြင့်ဝယ်ယူသောပစ္စည်း။

معنى الصرف

الصرف لغة ◀ هوالزيادة .

والصرف شرعا ◀ هوالبيع الذي يكون كل واحد من عوضيه من جنس الأثمان.

بَيْعُ الصَّرْفِ (ဘိုင်းအ္ဆတ်ဆွရ်ဖ်)၏ အဓိပ္ပါယ်

اَلصَّرْفُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ သာပိုခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ငွေကြေးလဲလှယ်ခြင်းကို ခေါ်သည်။

{اَلْبَابُ الرَّابِعُ}

အခန်း(၄)

معنى الرهن

الرهن لغة ◀ حبس الشيئ بأي سبب كان.

والرهن شرعا ◀ حبس عين مالية، لتكون ضمانا بدين.

اَلرَّهْنُ (ရဟန်)၏ အဓိပ္ပါယ်

اَلرَّهْنُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ မည်သည့်အကြောင်းခံဖြင့်ဖြစ်စေ အရာဝတ္ထုတစ်ခုကို ထိန်းချုပ်ခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ငွေချေးပေးသူသည် မိမိ၏အကြွေးပြန်ရရန် ပစ္စည်းတစ်စုံတစ်ရာအား အာမခံလျော်ကြေးသဘောဖြင့် ထိန်းချုပ်ခြင်းကို ခေါ်သည်။

မြန်မာဘာသာစကားတွင် ➲ အပေါင်ထားခြင်းကို ခေါ်သည်။

ပေါင်နှံခြင်းဆိုင်ရာ အသုံးအနှုန်းများ။

رَاهِنٌ {ရာဟေနွန်} အပေါင်ထားသူ။

مُرْتَهِنٌ {မွရ်သဟေ့နွန်} အပေါင်ဆိုင်၊ အပေါင်လက်ခံသူ။

مَرْهُوْنٌ {မွရ်ဟူးနွန်} အပေါင်ပစ္စည်း။

معنى الحجر

الحجر لغة ◀ المنع .

والحجر شرعا ◀ هوالمنع عن التصرف في حق شخص مخصوص ، وهوالصغير والمجنون والرقيق.

اَلْحَجْرُ (ဟိဂျရ်)၏အဓိပ္ပါယ်

اَلْحَجْرُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ တားမြစ်ခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ သီးသန့်သတ်မှတ်ထားသောပုဂ္ဂိုလ်၏ လုပ်ပိုင်ခွင့်ကို တားမြစ်ခြင်းကို ခေါ်သည်။ သီးသန့်သတ်မှတ်ထားသော ပုဂ္ဂိုလ်ဆိုသည်မှာ ကျွန်၊ ရူးသွပ်သူ နှင့်အရွယ်မရောက်သေးသော ကလေးသူငယ်တို့ကို ခေါ်သည်။

معنى الإقرار

الإقرار لغة ◀ الإثبات ، وهو من قرالشيئ قرارا إذاثبت .

والإقرار شرعا ◀ هو إخبار الرجل بحق على نفسه للغير .

اَلْإِقْرَارُ (အိက်ရား၏)၏အဓိပ္ပါယ်

اَلْإِقْرَارُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ အတည်ပြုပေးခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ လူတစ်ဦးသည် မိမိအပေါ်တွင် တစ်ခြားတစ်ယောက်၏ ရပိုင်ခွင့်ရှိကြောင်း ဝန်ခံခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ဝန်ခံခြင်းကို ခေါ်သည်။

معنى الصلح

الصلح لغة ◀ اسم من المصالحة.

والصلح شرعا ◀ هو عقد برفع النزاع وقطع الخصومة.

اَلصُّلْحُ (ဆိုလဟ်)၏အဓိပ္ပါယ်

اَلصُّلْحُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ اَلْمُصَالَحَةُ (ပြန်လည်သင့်မြတ်ရေး) မှ လာသော နာမ်ကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အငြင်းပွားမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုကို ဖြတ်တောက်သော နှစ်ဦးသဘောတူလုပ်ဆောင်ချက်ကိုခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ညှိနှိုင်းခြင်းကို ခေါ်သည်။

《اَلْبَابُ الْخَامِسُ》

အခန်း(၅)

معنى الشفعة

الشفعة لغة ◀ مأخوذ من الشفع ، وهو الضم ضد الوتر.

والشفعة شرعا ◀ هي تملك المشفوع فيه جبرا على المشتري بما قام عليه.

اَلشُّفْعَةُ (ရှုတ်ဖ်အဟ်)၏ အဓိပ္ပါယ်

اَلشُّفْعَةُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ اَلشَّفْعُ (ရှဖ်အွန်) 《စုံကိန်း》မှ ဆွဲယူသုံးစွဲထားခြင်း ဖြစ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ဦးစွာဝယ်ပိုင်ခွင့်ရပစ္စည်းကို မိမိပိုင်ဆိုင်ထားသောပစ္စည်း၏ အကြောင်းခံဖြင့် အခြားဝယ်ယူသူထက်ပို၍ ပိုင်ဆိုင်နိုင်ခွင့်ရှိခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ဦးစွာဝယ်ပိုင်ခွင့်ကို ခေါ်သည်။

معنى الوكالة

الوكالة لغة ◀ الحفظ والتفويض.

والوكالة شرعا ◀ هي تفويض التصرف والحفظ إلى الوكيل.

اَلْوَكَالَةُ (ဝကာလတ်)၏ အဓိပ္ပါယ်

اَلْوَكَالَةُ 《ဝကာလတ်》ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ လွှဲအပ်ခြင်း၊ ထိန်းသိမ်းခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ (အရာတစ်ခုအား) ထိန်းသိမ်းခြင်းနှင့် ဆောင်ရွက်ခွင့်တို့ကို ကိုယ်စားလှယ်ထံသို့ လွှဲအပ်ခြင်းဟု ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ကိုယ်စားလှယ်လွှဲခြင်းကို ခေါ်သည်။

ကိုယ်စားလှယ်လွှဲခြင်းဆိုင်ရာ အသုံးအနှုန်းများ

اَلْمُوَكِّلُ 《မိုဝတ်ကစ်လ်》ကိုယ်စားလှယ်လွှဲသူ။

اَلْوَكِيْلُ 《ဝကီးလ်》ကိုယ်စားလှယ်။

معنى الكفالة

الكفالة لغة ◀ هي الضم.

والكفالة شرعا ◀ ضم ذ مة إلى ذ مة في حق المطالبة.

اَلْكَفَالَةُ (ကဖွာလတ်)၏အဓိပ္ပါယ်

اَلْكَفَالَةُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ပေါင်းစည်းခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ တောင်းဆိုပိုင်ခွင့်တွင် တာဝန်ခံမှုတစ်ခု၌ နောက်ထပ် တာဝန်ခံမှုတစ်ခု ထပ်တိုးလိုက်ခြင်းကိုခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ အာမခံပေးခြင်းကို ခေါ်သည်။

အာမခံပေးခြင်းဆိုင်ရာ အခေါ်အဝေါ်များ။

كَفِيْلٌ 《ကဖီးလ်》အာမခံပေးသူ။

مَكْفُوْلٌ عَنْهُ 《မက်ဖူးလ်အန်ဟို》အာမခံရသူ။

مَكْفُوْلٌ لَه 《မက်ဖူးလ်လဟူ》အကြွေးရှင်။

مَكْفُوْلٌ بِه 《မက်ဖူးလ်ဘေဟီ》အာမခံပစ္စည်း။

معنى الحوالة

الحوالة لغة ◀ النقل .

والحوالة شرعا ◀ نقل الدين من ذمة المحيل وهو المديوون إلى ذمة المحتال عليه.

فالمحيل ◀ هوالمديون الذي عليه أصل الدين.

والمحتال ◀ هوالدائر أي صاحب الدين ، ويسمى المحتال له والمحال له أيضا.

والمحتال عليه ◀ من يقبل الحوالة ، ويسمى المحال عليه أيضا.

اَلحَوَالَةُ (ဟဝါလဟ်) ၏အဓိပ္ပါယ်

اَلحَوَالَةُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ ရွှေ့ပြောင်းခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ ကြွေးမြီးသည် မူလအကြွေးဆပ်ရန်တာဝန်ရှိသူထံမှ လွှဲပြောင်းလက်ခံသူထံသို့ ပြောင်းရွှေ့သွားခြင်းကိုခေါ်သည်။
မြန်မာအခေါ်အဝေါ်တွင် ➡ လက်လွှဲခြင်းဟု ခေါ်သည်။

လက်လွှဲခြင်းဆိုင်ရာ အခေါ်အဝေါ်များ။
اَلْمُحِيْلُ (မိုဟီးလ်)ဆိုသည်မှာ မူလအကြွေးဆပ်ရန် တာဝန်ရှိသူကို ခေါ်သည်။
اَلْمُحْتَالُ (မွဟ်သားလ်)ဆိုသည်မှာ အကြွေးရှင်ကိုခေါ်သည်။ ၎င်းကို اَلْمُحْتَالُ لَهُ (မွဟ်သားလလဟူ)သို့မဟုတ် اَلْمُحَالُ لَهُ (မိုဟားလ်လဟူ)ဟုလည်းခေါ်သေးသည်။
اَلْمُحْتَالُ عَلَيْهِ (မွဟ်သားလ်အလိုင်းဟ်)အကြွေးအား လွှဲပြောင်းလက်ခံတာဝန်ယူပေးသူကိုခေါ်သည်။ ၎င်းကို اَلْمُحَالُ عَلَيْهِ (မိုဟားလ်အလိုင်းဟ်)ဟု လည်းခေါ်သည်။

معنى الشركة

الشركة لغة ◀ خلط النصيبين بحيث لايتميز أحدهما.

الشركة شرعا ◀ نوعان : شركة أملا ك، وشركة عقود.

شركة الأملاك

وشركة الأملاك على ضربين :

أحدهما ◀ ما كان بفعلهما، مثل أن يشتريا ، أو يوهب لهما ، أو يوصى لهما فتقبلا.

والثاني ◀ ما كان بغير فعلهما ، وهو أن يرثا.

شركة العقود

شركة العقود ◀ عقد بين المتشاركين في الأ صل والربح.

ثم شركة العقود على ضربين :

الأول ◀ شركة المفاوضة.

الثاني ◀ شركة العنان.

شركةالمفاوضة

المفاوضة لغة ◄ من التفو يض ، أي المساوا ة والاشتراك في كل شيئ.

وفي الشرع ◄ أن يشترك الرجلان فتساويا في مالهماوتصرفهما ودينهما وربحهما.

شركة العنان

هي لغة ◄ بكسر العين وفتحها مأخوذ من عنّ : أي ظهر له أن يشاركه في بعض أمواله .

وفي الشرع ◄ هي أن يشترك اثنان في نوع ثوب أوطعام ، أوهي : أن يشترك اثنان في عموم التجارات ولايذكران الكفالة.

وكل واحد من المفاوضة والعنان على ثلاثة أوجه : شركة با لأ موال وشركة با لأعمال وشركة بالوجوه.

الشركة با لأموال ◄

وإذا كانت شركة المفاوضة أو شركة العنان بالمال فلاتنعقد إلا بالدراهم والدنانير والفلوس النافقة.

شركة بالأعمال ◄

وقد تسمى "شركة الصنائع وشركة الأبدان" وتفسيره : أن يشتركا في عمل القصارة ، أو الصباغة ، أو الخياطة على أن يتقبلا الأعمال ، ويعملا ، فما أخذا من الأجر فهو بينهما.

شركة الوجوه

شركة الوجوه ◄ وهي أن يشترك الرجلان ولامال لهما على أن يشتريا ويبيعا بوجوههما ، فتصح الشركة على هذا.

اَلشَّرِكَةُ (ရှရေ့ကဟ်)၏အဓိပ္ပါယ်

اَلشَّرِكَةُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ အစုရှယ်ယာနှစ်ခုအား ခွဲခြား၍မရအောင် ရောနှောလိုက်ခြင်း ကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ اَلشَّرِكَةُ (ရှရေ့ကဟ်) သည် ❶ شَرِكَةُ أَمْلَاكٍ (ရှရေ့ကသို့အမ်လားက်)နှင့် ❷ شَرِكَةُ عُقُوْدٍ (ရှရေ့ကသို့အို့ကူးဒ်)ဟူ၍ နှစ်မျိုးရှိသည်။

❶ شَرِكَةُ أَمْلَاكٍ သည်လည်းနှစ်မျိုးရှိပြန်သည်။

① မိမိတို့နှစ်ဦး၏အလုပ်ကို အကြောင်းခံ၍ ရှယ်ယာဝင်ခြင်း။

ဥပမာ။ ။ ပစ္စည်းတစ်ခုကိုနှစ်ယောက်ဝယ်ယူလိုက်ခြင်း၊ သို့မဟုတ် လက်ဆောင်ပေးခြင်းခံရ၍သော်လည်းကောင်း၊ သေတမ်းစာမှာတမ်း

ခြင်းခံရ၍သော်လည်းကောင်း ဥစ္စာပစ္စည်းတစ်ခုခုရရှိ၍ လက်ခံလိုက်ခြင်း။

② မိမိတို့နှစ်ဦး၏ လုပ်ရပ်မပါဘဲ ရှယ်ယာဝင်ခြင်း။

ဥပမာ-နှစ်ဦးအမွေရလိုက်ခြင်း။

❷ شَرِكَةُ عُقُوْدٍ ဆိုသည်မှာ ရှယ်ယာဝင်နှစ်ဦး၏ကြားတွင် အရင်းရော အမြတ်ပါ ရှယ်ယာဝင်ခြင်းကိုခေါ်သည်။

شَرِكَةُ عُقُودٍ နှစ်မျိုးရှိသည်။

① شَرِكَةُ الْمُفَاوَضَةِ (ရှရေ့ကသွလ်မိုဖွာဝသွဟ်)

② شَرِكَةُ الْعِنَانِ (ရှရေ့ကသွလ်အေနာ်န်)

① شَرِكَةُ الْمُفَاوَضَةِ ဆိုသည်မှာ اَلْمُفَاوَضَةُ သည် အရဗီဘာသာစကားတွင် ➡ اَلتَّفْوِيْضُ (သဖ်ဝီးသွ်)(အလုံးစုံအပ်နှံလိုက်ခြင်း)မှ ဆင်းသက်လာသည်။ ဆိုလိုသည်မှာ အရာရာတိုင်းတွင် ရှယ်ယာဝင်ခြင်း၊ တန်းတူညီမျှဖြစ်နေခြင်းကို ခေါ် သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ ကိုးကွယ်သည့်သာသနာတူသော လူနှစ်ယောက်သည် စပ်တူအကျိုးစီးပွားလုပ်သော ပစ္စည်း၊ အကြွေးနှင့် ရရှိလာသော အမြတ်တို့တွင် အချိုးကျ အကျိုးတူ ရှယ်ယာဝင်ဖြစ်ခြင်းကို ခေါ်သည်။

② شَرِكَةُ الْعِنَانِ ဆိုသည်မှာ အေနားန်သည် عَنَّ ဆိုသောကြိယာမှဆင်း သက်လာသည်။ "စပ်တူ အလုပ်လုပ်ရန် အတွေးပေါ်လာခြင်း" ဟု အဓိပ္ပာယ်ရသည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ လူနှစ်ယောက် သည် အဝတ်အစားနှင့်စားသောက်ကုန်တို့တွင် စပ်တူရှယ်ယာဝင်ခြင်း ကိုခေါ်သည်။ သို့မဟုတ် လူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး တာဝန်ယူမှု၊ တာဝန်ခံမှုမပါဘဲ အထွေထွေကုန်သွယ်ရေးတွင် စပ်တူအကျိုးစီးပွါး လုပ်ခြင်းကိုခေါ်သည်။

شَرِكَةُ الْعِنَانِ နှင့် شَرِكَةُالْمُفَاوَضَةِ တစ်ခုတိုင်းတွင် အောက်ပါအတိုင်း ပုံစံ《၃》မျိုးရှိသည်။

① شَرِكَةٌ بِالْأَمْوَالِ (ရှရေ့ကသွန်ဘိလ်အမ်ဝါးလ်)

② شَرِكَةٌ بِالْأَعْمَالِ (ရှရေ့ကသွန်ဘိလ်အအ်မားလ်)

③ شَرِكَةٌ بِالْوُجُوْهِ (ရှရေ့ကသွန်ဘိလ်ဝို့ဂျူးဟ်)

① شَرِكَةٌ بِالْأَمْوَالِ (ရှရေ့ကသွန်ဘိလ်အမ်ဝါးလ်) ဆိုသည်မှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးနှင့် ငွေစက္ကူတို့တွင်သာ ရှယ်ယာဝင်ခြင်းကိုခေါ်သည်။

② شَرِكَةٌ بِالْأَعْمَالِ (ရှရေ့ကသွန်ဘိလ်အအ်မားလ်) ဆိုသည်မှာ ရှယ်ယာ ဝင်နှစ်ဦးသည် အငှါးအဝတ်လျှော်ခြင်း၊ အထည်ချုပ်ခြင်း၊ အထည်အ ရောင်ဆိုးခြင်းလုပ်ငန်းများကို ကိုယ်စီဝန်ဆောင်မှုပေး၍ နှစ်ဦးစလုံးအ လုပ်လုပ်ကာ ရရှိလာသော အမြတ်ကို ခွဲယူခြင်းကို ခေါ်သည်။ ၎င်းကို

شَرِكَةُالصَّنَائِعِ (ရှရေ့ကသွတ်ဆွနာအိအ်) ၊ شَرِكَةُ الْأَبْدَانِ (ရှရေ့ကသွလ် အဗ်ဒါးန်)ဟုလည်းခေါ်သေးသည်။

③ شَرِكَةُ بِالْوُجُوْهِ (ရှရေ့ကသွန်ဘိလ်ဝို့ဂျူးဟ်) ဆိုသည်မှာ အရင်းအနှီး မရှိသော လူနှစ်ယောက်သည် မိမိတို့၏ဂုဏ်အရှိန်အဝါနှင့် မျက်နှာပွင့် လန်းမှုကို အသုံးချ၍ အရောင်းအဝယ်လုပ်ခြင်းကို ခေါ်သည်။ ဤပုံစံစပ် တူလုပ်ခြင်းသည်လည်း ပိုင်သည်။

《اَلْبَابُ السَّادِسُ》

အခန်း (၆)

معنى الإجارة

الإجارة لغة ◀ العوض ، وهي مأخوذة من الأجر .

والإجارة شرعا ◀ هي عقد على المنافع بعوض .

اَلْإِجَارَةُ (အေ့ဂျာရာဟ်)၏အဓိပ္ပါယ်

➲ اَلْإِجَارَةُ (အေ့ဂျာရာဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် اَلْأَجْرُ (အဂျ်ရွန်)မှ ယူထားခြင်း ဖြစ်သည်။ အခကြေးငွေကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အခကြေးငွေယူ၍ အကျိုးခံစားခွင့်အား ငှါးရမ်းခြင်းကိုခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ငှါးရမ်းခြင်းကိုခေါ်သည်။

معنى المضاربة

المضاربة لغة ◀ مأخوذة من الضرب في الأرض ، وهو السير للتجارة .

والمضاربة شرعا ◀ هو دفع المال إلى غيره ليتصرف فيه ،و يكون الربح بينهما على ماشرطا .

اَلْمُضَارَبَةُ (မို့သလ္လာရဘာဟ်)၏အဓိပ္ပါယ်

المضاربة (မို့သလ္လာရဘာဟ်)ဆိုသည်မှာ اَلضَّرْبُ فِي الْأَرْضِ မှ ယူထားခြင်းဖြစ်သည်။ ရောင်းဝယ်ဖောက်ကားရန် ခရီးသွားခြင်းကို ဆိုလိုသည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ လူတစ်ယောက်အား ပရော့ဂျက်စီမံကိန်းတစ်ခုအကောင်အထည်ဖော်ရန် အရင်းအနှီး ထုတ်ပေး၍ ရရှိလာသောအမြတ်ကို သတ်မှတ်ထားသော စည်းကမ်းချက်အတိုင်း ခွဲဝေခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ လူအားနှင့်ငွေအားပေါင်းစည်းကာ စီးပွါးရေးလုပ်ခြင်းကို ခေါ်သည်။

معنى المزارعة

المزارعة لغة ◀ مفاعلة من الزرع .

وفي الشرع ◀ عبارة عن عقد الزراعة ببعض الخارج ، وهوإجارة الأرض أو العامل ببعض الخارج .

اَلْمُزَارَعَةُ (မိုဇာရအဟ်)၏အဓိပ္ပါယ်

اَلْمُزَارَعَةُ (မို့ဇာရအဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ လယ်ယာအား ၎င်းမှထွက်လာမည့် ကောက်ပဲသီးနှံ အချို့ပေး၍ ပိုင်ရှင်ထံမှ ငှါးရမ်းခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ ထွက်လာမည့် ကောက်ပဲသီးနှံအချို့ကိုပေး၍ လယ်ယာကိုင်းကျွန်းအားငှါးရမ်းခြင်း၊ သို့မဟုတ် ထိုလယ်ယာအားလုပ်ကိုင်ရန် အလုပ်သမားငှါးရမ်းခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ လယ်ယာအစုချခြင်း၊ သီးစားပေးခြင်းဟု ခေါ်သည်။

معنى المساقاة

المساقاة لغة وشرعا ◀ دفع الأ شجار إلى من يصلحها ويعمل فيها بجزء معلوم من ثمره ، ويسمى كذلك معاملة .

اَلْمُسَاقَاةُ (မို့စာကာဟ်)၏အဓိပ္ပါယ်

اَلْمُسَاقَاةُ (မို့စာကာဟ်) ဆိုသည်မှာ အပင်များကို ပြုပြင်မွမ်းမံသူထံသို့ပေး၍ ပြုပြင်ခိုင်းမည်။ မွမ်းမံသူသည် ဖြစ်ထွန်းလာသော အသီးအနှံထဲမှ အတိအကျသိရသော ပမာဏကိုလုပ်အားခအဖြစ် ယူခြင်းကို ခေါ်သည်။ ၎င်းကို اَلْمُعَامَلَةُ ဟုလည်းခေါ်သည်။

معنى الموات

الموات لغة ◀ بفتح الميم وضمها : هو مالاروح فيه ، أوأرض لامالك لها،وقيل: هو الأ رض الخرا ب .

والموات شرعا ◀ هي الأرض التي لا ينتفع به ، إما لانقطاع الماء عنه ، أو لغلبة الماء عليه أو ماأشبه ذلك.

والإحياء ◀ أن يبني ثمه بناء ، أو يحفر نهرا ، أويجعل للأراضي مسناة ونحو ذلك.

اَلْمَوَاتُ (မဝါးသ်)၏အဓိပ္ပါယ်

اَلْمَوَاتُ (မဝါးသ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ အသက်မရှိသောအရာ၊ သို့မဟုတ် ပိုင်ရှင်မရှိသောမြေကိုခေါ်သည်။

အချို့သောပညာရှင်များက ➲ اَلْمَوَاتُ ဆိုသည်မှာ ပျက်စီးနေသောမြေကိုခေါ်သည်ဟု ဆိုကြသည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ရေသောက်ခွင့်မရသည့်အတွက်ကြောင့်ဖြစ်စေ၊ ရေလွှမ်းမိုးသည့်အတွက်ကြောင့်ဖြစ်စေ၊ အစရှိသောအကြောင်းကြောင်းကြောင့် အကျိုးမခံစားရသောမြေကိုခေါ်သည်။

اَلْإِحْيَاءُ (အိဟ်ယားအ်) ဆိုသည်မှာ အထက်တွင်ဖော်ပြခဲ့သော မြေပေါ်တွင် အဆောက်အဦးဆောက်ခြင်း၊ ရေတွင်းတူးခြင်း၊ သို့မဟုတ် လယ်ယာမြေများအတွက် တူးမြောင်းများဖောက်ခြင်း၊ အစရှိသောအရာ များပြုလုပ်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ မြေအရိုင်းအားလယ်ယာမြေတည်ခြင်း၊ မြေပြင်ခြင်းကို ခေါ်သည်။

معنى الشرب

الشرب بكسرالشين لغة ◀ الماء ونصيب الماء.

الشرب شرعا ◀ نوبة الانتفاع بالماء سقيا للزراعة.

اَلشِّرْبُ (ရှိရ်ဘွန်)၏ဓိပ္ပါယ်

اَلشِّرْبُ (ရှိရ်ဘွန်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ ရေနှင့် ရေဝေစုကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ လယ်ယာအားရေသွင်းခွင့်အလှည့်ကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ အလှည့်ကျရေသွင်းစနစ်ကို ခေါ်သည်။

《اَلْبَابُ السَّابِعُ》

အခန်း(၇)

معنى العارية

العارية لغة ◀ مأخوذ من العرية : وهي العطية ، وقال الجوهري : العارية بالتشديد منسوبة إلى العار، لأن طلب العارية عيب وعار.

العارية شرعا ◀ عبارة عن تمليك المنافع بغير عوض ، سميت بهذااللفظ لتعريها عن العوض.

اَلْعَارِيَةُ (အာရေ့ယဟ်)၏အဓိပ္ပါယ်

اَلْعَارِيَةُ (အာရေ့ယဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ اَلْعَرِيَّةُ မှယူထားခြင်း ဖြစ်သည်။ လက်ဆောင်ပေးခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ မည်သည့်အစားမှုမယူဘဲ အကျိုးခံစားခွင့်ကို အပိုင်ပေးလိုက်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ပစ္စည်းကိုယ်ထည်ကိုမဟုတ်ဘဲ အသုံးချခွင့်၊ ခံစားခွင့်နှင့်စပ်လျဉ်းသည့် အကန့်အသတ်ရှိသော အကျိုးစီးပွါးကို ခွင့်ပြုပေးကမ်းခြင်းကို ခေါ်သည်။

ပစ္စည်းငှါးခြင်းဆိုင်ရာ အခေါ်အဝေါ်များ

اَلْمُعِيْرُ (မုအီးရ်)ပစ္စည်းငှါးပေးသူ။

اَلْمُسْتَعِيْرُ (မွတ်စ်သအီးရ်)ပစ္စည်းငှါးယူသူ။

اَلْمُسْتَعَارُ (မွတ်စ်သအားရ်)အငှါးပစ္စည်း။

معنى الوديعة

الوديعة في اللغة ◀ مأخوذة من الودع ، وهو الترك.

الوديعة شرعا ◀ عبارة عن ترك الأعيان مع من هو أهل للتصرف في الحفظ مع بقائها على حكم ملك المالك.

اَلْوَدِيْعَةُ (ဝဒီးအဟ်)၏အဓိပ္ပါယ်

اَلْوَدِيْعَةُ (ဝဒီးအဟ်)ဆိုသည်မှာ اَلْوَدْعُ (ဝဒ်အ်) မှယူထားခြင်းဖြစ်သည်။ စွန့်လွှတ်ခြင်းဟု အဓိပ္ပာယ်ဆောင်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ ပိုင်ရှင်၏ပိုင်ဆိုင်မှုကျန်ရှိခြင်းနှင့်တကွ ထိန်းသိမ်းစောင့်ရှောက်မည့်သူထံသို့ ပစ္စည်းတစ်စုံတစ်ရာထားခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ ပစ္စည်းအပ်နှံခြင်းကို ခေါ်သည်။

ပစ္စည်းအပ်နှံခြင်းဆိုင်ရာအခေါ်အဝေါ်များ

اَلْمُوْدِعُ (မူဒိအ်) ပစ္စည်းအပ်သူ။

اَلْمُوْدَعُ (မူဒအ်)ပစ္စည်းအပ်နှံမှုကို လက်ခံသူ။

معنى الهبة

الهبة في اللغة ◀ التبرع.

وفي الشرع ◀ هي تمليك الأعيان بغير شيئ.

اَلْهِبَةُ (ဟေဘာဟ်)၏အဓိပ္ပါယ်

اَلْهِبَةُ (ဟေဘာဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ တစ်ဦးတစ်ယောက်အား ပစ္စည်းတစ်ခုကို ကူညီသောသဘော၊ ကျေးဇူးပြုသောပုံစံဖြင့် ပေးလိုက်ခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ ပစ္စည်းတစ်စုံတစ်ရာကို မည့်သည့်အစားမျှ မယူဘဲ အပိုင်ပေးခြင်း ကိုခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ မေတ္တာဖြင့်လက်ဆောင်ပေးခြင်းကိုခေါ်သည်။

လက်ဆောင်ပေးခြင်းဆိုင်ရာ အခေါ်အဝေါ်များ။

اَلْوَاهِبُ (ဝါဟိဘ်)လက်ဆောင်ပေးသူ။

اَلْمَوْهُوْبُ لَه (မောင်ဟူးဘ်လဟူ)လက်ဆောင်ရယူသူ။

معنى الصدقة

الصدقة في اللغة ◀ ما يعطى على وجه القربة لله سبحانه وتعالى ، لا على جه المكرمة. ولا يخرج المعنى الإصطلاحي عن هذا المعنى.

اَلصَّدَقَةُ (ဆွဒကဟ်)၏အဓိပ္ပါယ်

اَلصَّدَقَةُ (ဆွဒကဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ကျေးဇူးပြုသောပုံစံမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ နှစ်သက်လက်ခံမှုကို ရရှိပြီး တမလွန်ဘဝ၌ ကုသိုလ်အကျိုးရစေရန် ရည်စူး၍ လှူဒါန်းခြင်းကို ခေါ်သည်။

اَلصَّدَقَةُ (ဆွဒကဟ်)၏ အဘိဓါန်အဓိပ္ပါယ်နှင့် ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ကွားခြားမှု မရှိပါ။

မြန်မာအခေါ်အဝေါ်တွင် ➲ သာမန်အလှူဒါနကိုခေါ်သည်။

معنى الوقف

الوقف لغة ◀ الحبس ، تقول :و قفت الدابة وأوقفتها : أي حبستها .

وفي الشرع ◀ عند أبي حنيفة رحمه الله : حبس العين على ملك الواقف، والتصدق بالمنفعة بمنزلة العارية.

وعندأبي يوسف ومحمد رحمهما الله : حبس العين على حكم ملك الله تعالى على وجه تعود منفعته إلى العباد، والفتوى على قولهما.

اَلْوَقْفُ (ဝက်ဖ်)၏အဓိပ္ပါယ်

اَلْوَقْفُ (ဝက်ဖ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ထိန်းချုပ်ခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အေမာမ်အဘူဟာနီဖွာ(ﷺ)နှင့် အေမာမ်အဘူယူစွတ်ဖ်၊ အေမာမ်မိုဟာမ္မဒ်(ﷺ)သခင်နှစ်ပါးတို့ကြားတွင် ဖွင့်ဆိုပုံ အနည်းငယ်ကွဲသည်။ အေမာမ်အဘူဟာနီဖွာ(ﷺ)သခင်ထံတွင် ဝက်ဖ်ဆိုသည်မှာ လှူဒါန်းထားသောပစ္စည်းသည် မူလပိုင်ရှင်၏ ပိုင်ဆိုင်မှုတွင်ရှိ၍ اَلْعَارِيَةُ ကဲ့သို့ အကျိုးအမြတ်ကိုသာ လှူဒါန်းခြင်းဖြစ်သည်။

အေမာမ်အဘူယူစွတ်ဖ်နှင့် အေမာမ်မိုဟာမ္မဒ်(ﷺ)သခင်နှစ်ပါးထံတွင် ဝက်ဖ်ဆိုသည်မှာ လှူဒါန်းလိုက်သောပစ္စည်းကို အလ္လာဟ်အရှင်မြတ်ထံအပိုင်ထားကာ ပစ္စည်းမှ ရရှိလာသောအကျိုးကို အဖန်ဆင်းခံများက ခံစားအသုံးပြုနိုင်စေသော လှူဒါန်းမှုမျိုးကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ (ဝကတ်ဖ်)အလုံးစုံသာသနာပိုင်အဖြစ် လှူဒါန်းခြင်းကို ခေါ်သည်။

﴿اَلْبَابُ الثَّامِنُ﴾

အခန်း(၈)

معنى اللقطة

اللقطة في اللغة ◀ المال الملتقط.

وفي الشرع ◀ هي مال يوجد ضائعا.

اَللُّقْطَةُ (လွတ်ကဲ်သွာဟ်)၏အဓိပ္ပါယ်

اَللُّقْطَةُ (လွတ်ကဲ်သွာဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ကောက်ရပစ္စည်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ကျပျောက်နေသောပစ္စည်းအား တွေ့ရှိခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ကောက်ရသောပစ္စည်းကို ခေါ်သည်။

معنى الغصب

الغصب لغة ◀ أخذ الشيئ من الغير على سبيل التغلب ، سواء كان مالا أوغير مال.

وفي الشرع ◀ هو أخذ مال متقوم محترم جهرا بغيرإذن المالك على وجه يزيل يده عنه.

اَلْغَصْبُ (ဂဆွဘ်)၏အဓိပ္ပါယ်

اَلْغَصْبُ (ဂဆွဘ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ အခြားတစ်ယောက်ထံမှ နိုင်ထက်စီးနင်းပုံစံဖြင့် ပစ္စည်းတစ်ခုခုအား ရယူခြင်းကို ခေါ်သည်။ ထိုယူလိုက်သောအရာသည် ဥစ္စာပစ္စည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ တန်ဖိုးရှိသော ပစ္စည်းတစ်ခုကို ပိုင်ရှင်၏ခွင့်ပြုချက်မပါဘဲ အပိုင်သိမ်းလိုက်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ သူတစ်ပါး၏ဥစ္စာပစ္စည်းအား မတရားသိမ်းပိုက်ခြင်း၊ လယ်ယာမြေဆိုလျှင် သီးစားတိုက်ခြင်းကို ခေါ်သည်။

﴿اَلْبَابُ التَّاسِعُ﴾

အခန်း(၉)

معنى الجنايات

الجنايات في اللغة ◀ جمع الجناية من جنى يجني جناية : أي أخذ ، وجنى زيد الثمر : إذا أخذه من الشجر، ودنى على قومه جناية : أي أذنب ذنبا يؤا خذ به.

وفي الشرع ◀ كل فعل حظّره الشارع ومنع منه لما فيه من ضرر واقع على الدين أو النفس أو العقل أو العِرض أو المال.

اَلْجِنَايَاتُ (ဂျေ့နာယားသ်)၏အဓိပ္ပါယ်

اَلْجِنَايَاتُ (ဂျေ့နာယားသ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ **جِنَايَةٌ** (ဂျေ့နာယဟ်)၏ အများကိန်းဖြစ်သည်။ ယူဆောင်ခြင်းဟု အဓိပ္ပာယ်ရသည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ တရားတော်မှ တားမြစ်ထားသော လုပ်ရပ်ဟူသရွေ့တို့ကိုခေါ်သည်။ ထိုသို့တားမြစ်ရခြင်းသည် မိမိ၏သာသနာ၊ အသက်၊ အသိဉာဏ်၊ ခန္ဓာကိုယ်၊ ဥစ္စာပစ္စည်းတို့အနက် တစ်ခုခုအပေါ်တွင် ဆိုးကျိုးသက်ရောက်မှု ရှိနေသောကြောင့်ဖြစ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ ပြစ်မှုကျူးလွန်ခြင်းကို ခေါ်သည်။

معنى قتل العمد

القتل العمد ◀ ما يتعمد ضربه بسلاح كالسيف والرمح أو ماأجرى السلاح في تفريق الأجزاء كالمحدد من الخشب والحجر.

قَتْلُ الْعَمَدِ (ကာသ်လွလ်အမဒ်)၏အဓိပ္ပါယ်

قَتْلُ الْعَمَدِ (ကာသ်လွလ်အမဒ်)ဆိုသည်မှာ ဓါး၊ လှံ ၊ သို့မဟုတ် ဓါး၊ လှံကဲ့သို့ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပြတ်ရှစေသော ကျောက်ချွန်၊ သစ်သားချွန်တို့ကို အသုံးပြုကာ ရည်ရွယ်ချက်ရှိရှိ ထိုးခုတ်သတ်ဖြတ်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ သေစေနိုင်သောလက်နက်ဖြင့် ရည်ရွယ်ချက်ရှိရှိ သတ်ခြင်းကို ခေါ်သည်။

معنى شبه العمد

شبه العمد ◀ فهو القتل بآلة لم تو ضع للقتل ولايحصل به الموت غالبا مثل السوط الصغير، والعصاالصغيرة ،فإنه يوجب المال دون القصاص بالإجماع.

شِبْهُ الْعَمَدِ (ရှစ်ဘ်ဟွလ်အမဒ်)၏အဓိပ္ပါယ်

شِبْهُ الْعَمَدِ (ရှစ်ဘ်ဟွလ်အမဒ်)ဆိုသည်မှာ တောင်ဝှေးပေါက်စ၊ ကြိမ်ပေါက်စကဲ့သို့ များသောအားဖြင့် မသေနိုင်သော၊ သတ်ဖြတ်ရာတွင် မသုံးသောအရာတစ်ခုခုဖြင့် သတ်ခြင်းကိုခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ သာမန်အားဖြင့် မသေနိုင်သောလက်နက်ဖြင့် သတ်ခြင်းကို ခေါ်သည်။

معنى قتل الخطأ

قتل الخطأ ◀ فهو أن يرمي سهما إلى صيد فأصاب آدميا ، أوأراد أن يطعن قاتل أبيه فتقدمه رجل فوقع فيه.

قَتْلُ الْخَطَأِ (ကသ်လွလ်ခသွာအ်)၏အဓိပ္ပာယ်

قَتْلُ الْخَطَأِ (ကသ်လွလ်ခသွာအ်)ဆိုသည်မှာ သားကောင်ကို မြားဖြင့်ပစ်လိုက်ရာ လူတစ်ဦးကို ထိမှန်သွားခြင်း၊ သို့မဟုတ် မိမိဖခင်အား သတ်သောသူကို ထိုးနှက်တိုက်ခိုက်ရန် ကြိုးစားစဉ် အခြားတစ်ယောက် ရှေ့ကိုတက်လာရာ ထိုတက်လာသောသူအား ထိုးမိသွားခြင်းမျိုးကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ လူမှား၍သတ်မိခြင်းကို ခေါ်သည်။

القتل بسبب

القتل بطريق السبب ◀ فهو أن يحفربئرا على قارعة الطريق، فوقع فيه إنسان ومات ونحو ذلك.

القتل بطريق السبب(ကသ်လွန်ဘေ့သွရီးကစ္စ်ဘဘ်)၏အဓိပ္ပါယ်

القتل بطريق السبب (ကသ်လွန်ဘေ့သွရီးကစ္စ်ဘဘ်)ဆိုသည်မှာ ➲ လမ်းလယ်ခေါင်တွင်ရေတွင်းတူးထားလိုက်ရာ လူတစ်ဦးကျ၍ သေသွားခြင်းနှင့် ဖော်ပြပါပမာနှင့်တူဆင်သော ပုံစံမျိုးဖြင့် သေဆုံးခြင်းကို ခေါ်သည်။

معنى الدية

الديات لغة ◀ جمع الدية ، وهي لغة : من ودى القاتل المقتول يدى دية كوعد يعد عدة : إذا أعطى القاتل ولي المقتول المال الذي هو بدل النفس.

وفي الشرع ◀ الدية هي المال الوجب بالجناية في نفس أوطرف.

اَلدِّيَةُ (ဒွေယသ်)၏အဓိပ္ပါယ်

اَلدِّيَةُ (ဒွေယသ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ သတ်သောသူမှ အသတ်ခံရသူ၏အုပ်ထိန်းသူအား အသက်၏အစားပေးသော လျော်ကြေးကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ အသက် (သို့မဟုတ်) ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုအား ကျူးလွန်ခြင်းကြောင့် မဖြစ်မနေပေးဆောင်ရသည့် ဥစ္စာပစ္စည်းကို ခေါ်သည်။
မြန်မာအခေါ်အတွင် ➡ လျော်ကြေး ကိုခေါ်သည်။

معنى الأرش

أما الأرش فإنه يختص بالمال الواجب بالجناية على مادون النفس.

اَلْأَرْشُ (အရ်ရွှန်)၏အဓိပ္ပါယ်

اَلْأَرْشُ (အရ်ရွှန်)ဆိုသည်မှာ အသက်အပြင် အခြားခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုအား ကျူးလွန်ခြင်းကြောင့် ပေးဆောင်ရသည့် ဒဏ်ကြေးကိုခေါ်သည်။

معنى القسامة

القسامة في اللغة ◀ اسم بمعنى القسم ، وقيل : مصدره ، يقال: قسم قسامة : إذا حلف.

وفي الشرع ◀ هي أيمان يقسم بها أهل المحلة المتهمون على نفي القتل عنهم.

اَلْقَسَامَةُ (ကစာမဟ်)၏အဓိပ္ပါယ်

اَلْقَسَامَةُ (ကစာမဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ ကျိန်ဆိုခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ လူသတ်သည်ဟု စွပ်စွဲခံရသော ရပ်ကွက်သူ၊ ရပ်ကွက်သားများသည် မိမိတို့မသတ်ကြောင်း ကျိန်ဆိုခြင်းကို ခေါ်သည်။

《اَلْبَابُ الْعَاشِرُ》

အခန်း(၁၀)

معنى الحدود

الحد لغة ◀ المنع.

وفي الشرع ◀ هو العقوبة المقدرة حقا لله تعالى.

اَلْحُدُوْدُ (ဟုဒူးဒ်)၏အဓိပ္ပါယ်

اَلْحُدُوْدُ (ဟုဒူးဒ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ တားမြစ်ခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အလ္လာဟ်အရှင်မြတ်၏အခွင့်အရေးအဖြစ် ပြဌာန်းထားသော ပြစ်ဒဏ်ကို ခေါ်သည်။
မြန်မာအခေါ်အဝေါ်တွင် ➲ ကြိမ်ဒဏ်ရိုက်ခြင်းကို ခေါ်သည်။

معنى الأشربة

الأشربة لغة ◀ جمع شراب : وهو كل مائع يشرب.

واصطلاحا ◀ كل مائع مسكر.

اَلْأَشْرِبَةُ (အရှ်ရေဘဟ်)၏အဓိပ္ပါယ်

اَلْأَشْرِبَةُ ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ သောက်သုံးသော အရည်ဟူသမျှကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ မူးရစ်ပျော်ဝင်စေသော အရည်တိုင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ သေရည်သေရက်ကို ခေါ်သည်။

معنى القذف

القذف لغة ◀ الرمي.

واصطلاحا ◀ نسبة المحصن إلى الزنا صراحة أو دلالة.

اَلْقَذْفُ (ကဇဖ်)၏အဓိပ္ပါယ်

اَلْقَذْفُ (ကဇဖ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ပစ်ခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ကာအိန်ခြွေရှိအိမ်ထောင်သည်အား ဇေနာ(ကာမေသုမိစ္ဆာစာရကံ) ကျူးလွန်သည်ဟု သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း၊ အတိအလင်းပုံစံဖြင့်သော်လည်းကောင်း စွပ်စွဲသမုတ်ခြင်း ကိုခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ဖောက်ပြန်သည်ဟု သမုတ်ခြင်းကို ခေါ် သည်။

معنى التعزير

التعزير لغة ◀ من العزر بمعنى الزجر والردع.

وشرعا ◀ هو تأديب دون الحد.

اَلتَّعْزِيْرُ (သအ်ဇီးရ်)၏အဓိပ္ပါယ်

اَلتَّعْزِيْرُ (သအ်ဇီးရ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ **اَلْعَزْرُ** ဟူသောပုဒ်မှ ဆင်းသက်လာသည်။ ဆုံးမခြင်း၏ အဓိပ္ပါယ်ကို ပေးသည်။

ဖေကဟ်ဘာသာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ဒဏ်ခတ်ခြင်း မျိုးမဟုတ်ဘဲ ဆုံးမပဲ့ပြင်ပေးခြင်းကို ခေါ်သည်။

معنى السرقة

السرقة لغة ◀ من سرق يسرق سرقا وسرقة من باب ضرب : أي أخذ الشيئ من الغير خفية.

وفي الشرع ◀ أخذ الشيئ من الغير خفية بغير حق ، سواء بلغ نصاب السرقة أم لم يبلغ ، وهذا الحد في حق الحرمة ، أما في حق القطع فلابد أن يبلغ المسروق النصاب.

اَلسَّرِقَةُ (စရေ့ကဟ်)၏အဓိပ္ပါယ်

اَلسَّرِقَةُ (စရေ့ကဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ တစ်ဦးတစ်ယောက်ဆီမှ ပစ္စည်းတစ်စုံတစ်ရာအား ကွယ်ဝှက်၍ယူခြင်းကိုခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ တစ်ဦးတစ်ယောက်ထံမှ ပစ္စည်းတစ်စုံတစ်ရာအား မည်သည့်ရပိုင်ခွင့်မှမရှိဘဲ ခိုးဝှက်ခြင်းကိုခေါ်သည်။ (အခိုးခံရသောပစ္စည်းသည်) ခိုးဝှက်ခြင်းဆိုင်ရာသတ်မှတ်ထားသော တန်ဖိုးအတိုင်းအတာသို့ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ။

ဤဖွင့်ဆိုချက်သည် ခိုးပိုင်ခွင့်မရှိခြင်းရှုထောင့်အရဖြစ်သည်။ လက်ဖြတ်ခြင်းရှုထောင့်အရဆိုလျှင် အခိုးခံရသောပစ္စည်းသည် (ခိုးခြင်းဆိုင်ရာ) သတ်မှတ်ထားသော တန်ဖိုးအတိုင်းအတာကို ရောက်ရန်အရေးကြီးသည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ခိုးဝှက်ခြင်းကို ခေါ်သည်။

﴿اَلْبَابُ الْحَادِيْ عَشَرَ﴾

အခန်း(၁၁)

معنى الذبائح

الذبائح لغة ◄ جمع الذبح ، وهو بالكسر اسم لما يذبح ، ويسمى ذبيحة أيضا، وبالفتح : هو قطع الأوداج.

وفي الشرع ◄ لايخرج المعنى الاصطلاحي عن المعنى اللغوي.

الأوداج أربعة:

١- الحلقوم.

٢-المرئ.

٣- و ٤- العرقان اللذان بينهما الحلقوم والمرئ.

اَلذَّبَائِحُ (ဇဗာအိဟ်)၏အဓိပ္ပါယ်

အရဗီဘာသာစကားတွင် ➲ **اَلذَّبَائِحُ** (ဇဗာအိဟ်)သည် **اَلذَّبْحُ** (ဇဗဟ်)၏အများကိန်းဖြစ်သည်။ **اَلذِّبْحُ** (ဇိဗ်ဟွန်)ဟု كسرة နှင့်ဖတ်လျှင် လည်လှီးခံရသော သားကောင်ကိုခေါ်သည်။ **اَلذَّبْحُ** (ဇဗ်ဟွန်)ဟု فتحة နှင့်ဖတ်လျှင် အကြောများကို ဖြတ်တောက်ခြင်းကို ခေါ်သည်။

اَلذَّبَائِحُ ၏ အရဗီအဘိဓါန်အဓိပ္ပါယ်နှင့် ဝေါဟာရအဓိပ္ပါယ်မှာ ကွာခြားမှု မရှိပေ။

မြန်မာအခေါ်အဝေါ်တွင် ➡ ဇဗာဟ်လုပ်ခြင်း (သားကောင်အား လည်လှီးခြင်း)ကို ခေါ်သည်။

ဇဗာဟ်လုပ်ရာတွင် ဖြတ်တောက်ရသော အကြောလေးကြောရှိသည်။

❶ အသက်ရှုကြော

❷ အစာ၊ ရေစာ ဝင်သောပြွန်

《❸+❹》 သွေးပြန်ကြောနှင့် သွေးလွှတ်ကြော။ ၎င်းသွေးကြောနှစ်ကြောကြားတွင် လည်ပင်းကြောနှင့် အစာကြောရှိသည်။

معنى الصيد

الصيد لغة ◀ مصدرصاد يصيد فهو صائد وذاك مصيد ، ويسمى المصيد صيدا، وجمعه صيود : وهو كل ممتنع متوحش طبعا لايمكن أخذه إلا بحيلة.

اَلصَّيْدُ (ဆိုက်ဒ်)၏အဓိပ္ပါယ်

اَلصَّيْدُ (ဆိုက်ဒ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ ထောင်ချောက်ညွှတ်ကွင်းဖြင့်သာ ဖမ်းယူနိုင်သော သဘာဝတောရိုင်းသတ္တဝါကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ ဆိုက်ဒ်သည် သားကောင်ကို ခေါ်သကဲ့ သို့ အမဲလိုက်ခြင်းကိုလည်းခေါ်သည်။

《اَلْبَابُ الثَّانِيْ عَشَرَ》

အခန်း(၁၂)

معنى القضاء

القضاء لغة ◀ هو الحكم.

وشرعا ◀ فصل الخصومات وقطع المنازعات.

اَلْقَضَاءُ (ကသွားအ်)၏ အဓိပ္ပါယ်

اَلْقَضَاءُ (ကသွားအ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ အမိန့်ချမှတ်ခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အငြင်းအခုံကိုရပ်တန့်ခြင်း၊ တရားစွဲဆိုမှုတွင် ဆုံးဖြတ်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ တရားစီရင်ဆုံးဖြတ်ခြင်းဟု ခေါ်သည်။

معنى الدعوى

الدعوى لغة ◀ قول يقصد به الإنسان إيجاب حق على غيره وجمعه : دعاوي.

وشرعا ◀ عبارة عن قول مقبول عند القاضي يقصد به طلب حقِ قبَل غيره.

اَلدَّعْوَى (ဒအ်ဝါ)၏အဓိပ္ပာယ်

اَلدَّعْوَى (ဒအ်ဝါ)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ လူတစ်ဦးသည် အခြားသူတစ်ဦးအပေါ်တွင် ရပိုင်ခွင့်တစ်ခုအားပြဌာန်းပေးရန် တောင်းဆိုသောစကားကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ တစ်ဦးတစ်ယောက်ထံမှ ရပိုင်ခွင့်တစ်စုံတစ်ရာအားရရန် တရားသူကြီးထံတွင် လျှောက်ထားသော ဘောင်ဝင်သည့် လျှောက်ထားချက် ကိုခေါ်သည်။ မြန်မာအခေါ်အဝေါ်တွင် ➡ တရားစွဲဆိုခြင်းဟု ခေါ်သည်။

معنى الشهادة

الشهادة لغة ◀ من المشاهدة : وهي المعاينة ، ومعناها : الإخبار عماعلمه بلفظ "أشهد" أو "شهدت".

وشرعا ◀ إخبار صدق لإثبات حق.

اَلشَّهَادَةُ (ရှဟာဒဟ်)အဓိပ္ပါယ်

اَلشَّهَادَةُ (ရှဟာဒဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ أَشْهَدُ (အရှ်ဟဒို) သို့မဟုတ် "شَهِدْتُّ" (ရှဟိဒ်သို့)ဟူသောစကားလုံးကို သုံး၍ သက်သေထွက်ဆိုခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ ရပိုင်ခွင့်တစ်ခုကို အတည်ပြုရန် အမှန်တရားကို ပြောပြခြင်းကို ခေါ်သည်။
မြန်မာအခေါ်အဝေါ်တွင် ➲ သက်သေထွက်ဆိုခြင်းကိုခေါ်သည်။

معنى القسمة

القسمة لغة ◀ الاقتسام.

وشرعا ◀ جمع نصيب شائع في مكان معين.

اَلْقِسْمَةُ (ကိစ်မဟ်)၏အဓိပ္ပာယ်

اَلْقِسْمَةُ (ကိစ်မဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ခွဲဝေခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရ၌ ➲ သီးခြားနေရာရှိ ဘုံဝေစုအားလုံးကို ခေါ်သည်။
မြန်မာအခေါ်အဝေါ်တွင် ➲ ဝေစုခွဲခြင်းကို ခေါ်သည်။

معنى الإكراه

الإكراه لغة ◀ حمل الإنسان على شيئ يكرهه طبعا أو شرعا.

وفي الشرع ◀ حمل الغير على شيئ يكرهه بالوعيد بالقتل ، أو تهديد بالضرب أو السجن ، أوإتلاف المال أوالأذى الشديد أوالإيلام القوي حتى يصيربه مدفوعا إلى الفعل الذي طلب منه.

اَلْإِكْرَاهُ (အိက်ရာဟ်)၏အဓိပ္ပါယ်

اَلْإِكْرَاهُ (အိက်ရာဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ လူတစ်ဦးသည် သာသနာရေး ရှုထောင့်အရသော်လည်းကောင်း သို့မဟုတ် လူသားတစ်ယောက်၏သဘာဝဗီဇအရသော်လည်းကောင်း မနှစ်မြို့ဖွယ်ရာ တစ်ခုအပေါ် တိုက်တွန်းခံရခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ (လူတစ်ဦးသည်) အခြားတစ်ဦးအား ၎င်းမနှစ်မြို့သောအရာကို (ထိုအရာကိုမလုပ်ပါက) သတ်မည်၊ ရိုက်မည်၊ ထောင်ချမည်၊ ဥစ္စာပစ္စည်းအားဖျက်ဆီးမည်၊ ပြင်းထန်သောဒဏ်ခတ်မည်၊ ပြင်းပြသောနာကျင်မှုပေးမည် စသဖြင့် ခြိမ်းခြောက်ကာ တိုက်တွန်းခိုင်းစေခြင်းကို ခေါ်သည်။ (ထိုကဲ့သို့ခြိမ်းခြောက်မှုကြောင့်) နောက်ဆုံးတွင် အခိုင်းခံရသူသည် လုပ်ဆောင်ရန်တောင်း

ဆိုခြင်းခံရသောအလုပ်အား မဖြစ်မနေလုပ်ရသောအခြေအနေသို့ ရောက်ရှိသွားပေသည်။

မြန်မာအခေါ်အဝေါ်တွင် ➡ အကြပ်ကိုင်ခြင်းကို ခေါ်သည်။

﴿اَلْبَابُ الثَّالِثَ عَشَرَ﴾

အခန်း(၁၃)

معنى السير

السير في اللغة ◀ جمع سيرة : هي الطريقة في الأمور.

وفي الشرع ◀ عبارة عن الاقتداء بما يختص بسيرة النبي صلى الله عليه وسلم في مغازيه.

فمعنى السير هنا ◀ الجهاد.

والجهاد ◀ هوالدعاء إلى الدين الحق، والقتال مع من امتنع عن القبول.

اَلسِّيَرُ (စေယရ်)၏အဓိပ္ပါယ်

اَلسِّيَرُ (စေယရ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ سِيْرَةٌ ၏အများကိန်းဖြစ်သည်။ လမ်းစဉ်ကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➡ စစ်ပွဲများတွင် ကိုယ်တော်မြတ်ﷺ အတွာပြုပွတ္တိအား လေ့လာခြင်းကို ခေါ်သည်။

ဤနေရာတွင် اَلسِّيَرُ (စေယရ်)ဆိုသည်မှာ اَلْجِهَادُ (ဂျေဟားဒ်)ကို ဆိုလိုခြင်းဖြစ်သည်။ اَلْجِهَادُ (ဂျေဟားဒ်)ဆိုသည်မှာ စစ်မှန်သော သာ

သနာဘက်သို့ ဖိတ်ခေါ်ခြင်း၊ လက်မခံငြင်းဆန်သူများနှင့် ယှဉ်ပြိုင်တိုက်ခိုက် ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ ဂျေဟားဒ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကလေ့မာဟ်တော် မြင့်စွင့်ရန်တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းခြင်းကိုခေါ်သည်။

معنى الجزية

الجزية لغة ◀ الجزاء، لأ نها جزت وكفت عن القتل ولا يخرج المعنى الشرعي عن المعنى اللغوي.

اَلْجِزْيَةُ (ဂျစ်ဇ်ရဟ်)၏အဓိပ္ပါယ်

اَلْجِزْيَةُ (ဂျစ်ဇ်ရဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ اَلْجَزَاءُ ဂျဇာအ်(အစားပေးခြင်း)၏ အဓိပ္ပာယ်ကို ပေးသည်။ اَلْجِزْيَةُ (ဂျစ်ဇ်ရဟ်ကို အကြောင်းခံ၍ အသတ်ခံရခြင်းဘေးမှ လွတ်မြောက်ရသည့်အတွက် ဤကဲ့သို့ ခေါ်ဆိုရခြင်း ဖြစ်သည်။

اَلْجِزْيَةُ (ဂျစ်ဇ်ရဟ်)၏ အဘိဓါန်အဓိပ္ပာယ်နှင့် ဝေါဟာရအဓိပ္ပါယ်တွင် ကွာခြားမှု မရှိပေ။

မြန်မာအခေါ်အဝေါ်တွင် ➡ အခွန်အထုပ်ကို ခေါ်သည်။

معنى البغاة

البغاة ◀ جمع باغ كالقضاة جمع قاض، مأخوذ من البغي : وهو خروج جماعة من المسلمين عن طاعة الإمام.

اَلْبُغَاةُ (ဘုဂါးဟ်)အဓိပ္ပါယ်

اَلْبُغَاةُ (ဘုဂါးဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➡ بَاغٍ (ဘားဂင်)၏ အများကိန်း ဖြစ်သည်။ اَلْبَغْيُ (ဘဂ်ယွန်)မှ ယူထားခြင်း ဖြစ်သည်။ မွတ်စလင်မ်များထဲမှ လူတစ်စုသည် ခေါင်းဆောင်၏အမိန့်ကို ဖီဆန်ခြင်းကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➡ ပုန်ကန်ခြားနားသူများကို ခေါ်သည်။

《اَلْبَابُ الرَّابِعَ عَشَرَ》

အခန်း(၁၄)

معنى الميراث

الإرث لغة ◀ بقاء شخص بعدموت آخر بحيث يأخذالباقي ما يخلفه الميت.

وفي الشرع ◀ ماخلفه الميت من الأموال والحقوق التي يستحقها بموته الوارث الشرعي.

الوارث ◀ من يستحق حصته من التركة.

اَلْمِيْرَاثُ (မီရားစ်)၏အဓိပ္ပါယ်

اَلْإِرْثُ (အိရ်စ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ကွယ်လွန်သူချန်ထားခဲ့သော ဥစ္စာပစ္စည်းကို ဆက်ခံသိမ်းပိုက်ရန် ပုဂ္ဂိုလ်တစ်ဦး ကျန်ရှိခြင်းကို ခေါ်သည်။

ဖေကဟ်ပညာရပ်ဆိုင်ရာဝေါဟာရတွင် ➲ သေဆုံးသူချန်ရစ်ခဲ့သော ဥစ္စာပစ္စည်းနှင့် ရပိုင်ခွင့်အခွင့်အရေးများကို ခေါ်သည်။ အကြြင်အရာများကို ကွယ်လွန်သူ၏ ကွယ်လွန်မှုကို အကြောင်းခံ၍ တရားတော်အရသတ်မှတ်ထားသော အမွေခံမှ အမွေဆက်ခံရန် ထိုက်သက်ပေသည်။

မြန်မာအခေါ်အဝေါ်တွင် ➲ အမွေဆက်ခံခြင်းကို ခေါ်သည်။

اَلْوَارِثُ (ဝါရစ်စ်)ဆိုသည်မှာ ချန်ရစ်ခဲ့သောအမွေပစ္စည်းထဲမှ မိမိ၏ ဝေစုရပိုင်ခွင့်ရှိသူကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ အမွေဆက်ခံသူကို ခေါ်သည်။

معنى السهام

السهام جمع سهم والمراد به ◄ النصيب الذي وصل لكل وارث من أصل المسئلة.

اَلسِّهَامُ (စေဟားမ်)၏အဓိပ္ပါယ်

اَلسِّهَامُ (စေဟားမ်)ဆိုသည်မှာ سَهْمٌ (စဟ်မွန်)၏ အများကိန်းဖြစ်သည်။ ပင်မအစုအပုံကိန်းမှ အမွေဆက်ခံသူအားလုံးထံ ရောက်ရှိသော ဝေပုံကိုခေါ်သည်။

معنى الرؤوس

الرؤوس جمع رأس والمراد منه ◄ أعداد كمية الورثة.

اَلرُّؤُوْسُ (ရို့အူးစွန်)၏အဓိပ္ပါယ်

اَلرُّؤُوْسُ (ရို့အူးစွန်)ဆိုသည်မှာ رَأْسٌ (ရအ်စွန်)၏ အများကိန်းဖြစ်သည်။ အမွေဆက်ခံသူများ၏ ပမာဏအရေအတွက်ကို ခေါ်သည်။

معنى النصيب

النصيب ◀ الحصة.

اَلنَّصِيْبُ (နဆွီးဘ်)၏ အဓိပ္ပါယ်

اَلنَّصِيْبُ (နဆွီးဘ်)ဆိုသည်မှာ ဝေစုကို ခေါ်သည်။

معنى الفرض

الفرض لغة ◀ معناه التقدير , وجمعه فروض ومنه فروض الميراث أي أنصباء الورثة المقدرة كالنصف والربع والثلث والسدس.

وفي الشرع ◀ هوالنصيب المقدر شرعا للوارث.

أصحاب الفروض ◀ هم الذين لهم سهام مقدرة في كتاب الله تعالى كالزوجة أو في سنة رسول الله صلى الله عليه وسلم كالجدة أو في الإجماع كالجد.

اَلْفَرْضُ (ဖရ်သွ်)၏ အဓိပ္ပါယ်

➲ اَلْفَرْضُ (ဖရ်သွန်) ဆိုသည်မှာ အရဗီဘာသာစကားတွင် သတ်မှတ်ပြဋ္ဌာန်းခြင်းကို ခေါ်သည်။ ၎င်း၏ အများကိန်းသည် فُرُوْضُ (ဖို့ရူးသွန်)ဖြစ်သည်။ ၎င်းစကားလုံးမှယူ၍ فُرُوْضُ الْمِيْرَاثِ (ဖို့ရူးသွလ် မီရားစ်)ဟု သုံးသည်။ အဓိပ္ပာယ်မှာ သတ်မှတ်ထားသော အမွေစားအ

မွေခံများ၏ ဝေစုဝေပုံကို ခေါ်သည်။ ဥပမာ-တစ်ဝက်၊ လေးပုံတစ်ပုံ၊ သုံးပုံတစ်ပုံ၊ ခြောက်ပုံတစ်ပုံ။

ဖေကဟ်ဘာသာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အမွေဆက်ခံသူများအတွက် တရားတော်အရ သတ်မှတ်ထားသော ဝေစုများကို ခေါ်သည်။

أَصْحَابُ الْفُرُوْضُ (အဆွဲဟားဘွလ်ဖို့ရူးသွ်)၏ အဓိပ္ပါယ်

أَصْحَابُ الْفُرُوْضِ (အဆွဲဟားဘွလ်ဖို့ရူးသွ်)ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်အရ သတ်မှတ်ထားသော အမွေဝေစုရှင်များကို ခေါ်သည်။ ဥပမာ- ဇနီးသည်

(သို့မဟုတ်) ကိုယ်တော်မြတ်(ﷺ)၏ စွန္နသ်တော်အရ သတ်မှတ်ထားသော အမွေဝေစုရှင်များကို ခေါ်သည်။

ဥပမာ- အဖွား

(သို့မဟုတ်) အစ္စလာမ်ပညာရှင်များ၏ ညီညွတ်သော သဘောတူညီချက်အရ သတ်မှတ်ထားသော အမွေဝေစုရှင်များကို ခေါ်သည်။ ဥပမာ-အဖိုး

ذوي الأرحام ◀ **الرحم لغة** ◀ القرابةوذووالأرحام هم أولو ا القرابات ويرادبهم في الميراث أقارب الميت الذين ليسوا من أصحاب الفروض وليسوا عصبة.

ذَوِي الْأَرْحَامِ (ဇဝိလ်အရ်ဟားမ်)၏အဓိပ္ပာယ်

➲ اَلرَّحِمُ (ရဟေ့မွန်)သည် အရဗီဘာသာစကားတွင် ဆွေမျိုးတော်စပ်ခြင်းကို ခေါ်သည်။ **ذَوُو الْأَرْحَامِ** (ဇဝိလ်အရ်ဟားမ်)ဆိုသည်မှာ ဆွေမျိုးနီးစပ်သူများကို ခေါ်သည်။ အမွေကဏ္ဍတွင် အမွေကျန်ဆက်ခံသူများထဲမှမဟုတ်သလို ပုံသေသတ်မှတ်ထားသော အမွေဝေစုရှင်များထဲမှာလည်း မပါသော သေသူ၏ဆွေမျိုးနီးစပ်သူများကို ခေါ်သည်။

الفرع ◀ إذاأطلق لفظ الفرع في الميراث يراد به ابن الميت وبنته وفروع هؤلاء وإن نزلوافإذاقيل "الفرع الوارث" يراد به الابن والبنت وابن الابن وإن نزل وبنت الابن وإن نزل أبوهما.

اَلْفَرْعُ (ဖရ်အွန်)၏ အဓိပ္ပါယ်

اَلْفَرْعُ (ဖရ်အွန်)ဆိုသည်မှာ ၎င်းစကားလုံးကို အမွေကဏ္ဍတွင် သုံးပါက သေသူ၏သား၊ သမီးနှင့် ၎င်းတို့နှစ်ဦးမှ ပေါက်ဖွားလာသော အောက်အဆက်ကို ခေါ်သည်။ **اَلْفَرْعُ الْوَارِثُ** (အလ်ဖရ်အွလ်ဝါရေ့စ်) ဟုသုံးလျှင် သား၊ သမီး၊ မြေး၊ မြေးမ နှင့် ၎င်းတို့၏အောက်အဆက်ကို ခေါ်သည်။

الأصل ◀ يقصد به الأصل الوارث مهما علا, ويشمل الأب والأم والجد من جهة الأب وإن علا والجدات من جهة الأب والأم, فإن قيل الأصل الذكر فهو الأب أو الجد.

اَلْأَصْلُ (အဆွလ်)၏အဓိပ္ပါယ်

اَلْأَصْلُ (အဆွလ်)ဆိုသည်မှာ ၎င်းမှ **اَلْأَصْلُ الْوَارِثُ** အလ်အဆွ်လွလ်ဝါရိစ်(ခ)အမွေဆက်ခံသူ၏ အထက်အဆက်ကို ဆိုလိုခြင်းဖြစ်သည်။ အထက်သို့ မည်သို့ပင် တက်သည်ဖြစ်စေ။ **اَلْأَصْلُ الْوَارِثُ** (အလ်အဆွ်လွလ်ဝါရိစ်)ထဲတွင် အဖေ၊ အမေ၊ အဖေဘက်မှတော်စပ်သော အဖိုး၊ အဖွားနှင့် အထက်အဆက်တို့ ပါဝင်သည်။ اَلْأَصْلُ الذَّكَرُ (အလ်အဆွ်လွတ်ဇကရို)ဟုသုံးလျှင် အဖေနှင့် အဖိုးကို ဆိုလိုသည်။

الأخ ◀ يعم الأخ من أب وأم أي الشقيق والأخ لأب والأخ لأم.

اَلْأَخُ (အခွန်)၏အဓိပ္ပါယ်

اَلْأَخُ (အခွန်)တွင် အဖေတူ၊ အမေတူညီအစ်ကို၊ အဖေတူအမေကွဲညီအစ်ကို၊ အမေတူအဖေကွဲ ညီအစ်ကို အားလုံးပါဝင်သည်။

بنو الأعيان ◀ هم الإخوة الأشقاء سموا بذلك لأنهم ولدوا من عين واحدة أي من أب واحد وأم واحدة.

بَنُو الْأَعْيَانِ (ဘနူလ်အအ်ယားန်)၏အဓိပ္ပါယ်

بَنُو الْأَعْيَانِ (ဘနူလ်အအ်ယားန်)ဆိုသည်မှာ ညီအစ်ကိုအရင်းများကို ခေါ်သည်။ တစ်ဖအေ၊ တစ်မအေထဲမှ မွေးသည့်အတွက် ဤကဲ့သို့ခေါ်ဆိုရခြင်း ဖြစ်သည်။

بنو العلات ◀ هم الإخوة والأخوات لأب.

بَنُوالْعَلَّاتِ (ဘနူလ်အလ္လားသ်)၏ အဓိပ္ပါယ်

بَنُو الْعَلَّاتِ (ဘနူလ်အလ္လားသ်)ဆိုသည်မှာ ဖအေတူ မအေကွဲ ညီအစ်ကိုမောင်နှမများကို ခေါ်သည်။

بنو الأخياف ◀ وهم الإخوة لأم سموا بذلك لأنهم من أخلاط الرجال لامن رجل واحد وقيل تشبيها لهم بالفرس الأخيف وهو الذي له عين زرقاء وأخرى سوداء.

بَنُوالْأَخْيَافِ (ဘနူလ်အခ်ယားဖ်)၏ အဓိပ္ပါယ်

بَنُو الْأَخْيَافِ (ဘနူလ်အခ်ယားဖ်)ဆိုသည်မှာ မအေတူ ဖအေကွဲ ညီအစ်ကိုများကို ခေါ်သည်။ ဤသို့ခေါ်ဆိုရခြင်းမှာ အမျိုးသားတစ်ဦးထဲမဟုတ်ဘဲ အမျိုးသားများ ရောယှက်နေသောကြောင့် ဖြစ်သည်။ အချို့ပညာရှင်များက ဤသို့ခေါ်ဆိုရခြင်းသည် اَلْفَرَسُ الْأَخْيَفُ အလ်ဖရစ္စလ်အခ်ယဖ် မျက်စိတစ်လုံးနက်၍ မျက်စိတစ်လုံးပြာနေသော မြင်းနှင့် ခိုင်နှိုင်း ခေါ်ဆိုခြင်းဖြစ်သည်ဟု ဆိုကြသည်လည်း ရှိသည်။

معنى العصبة

العصبة لغة ◀ الإحاطة والشدة والتقوية.

وفي الإصطلاح ◀ هي كل من يأخذ من التركة ما أبقاه أصحاب الفرائض، أو يأخذ المال كاملا إذا لم يكن صاحب فرض، ومن لم يكن له نصيب مقدر صريحا.

والعصبة قسمان

(١) عصبة نسبية.

(٢) عصبة سببية.

(١) والعصبة النسبية ثلاثة أقسام.

(أ) **عصبة بالنفس** ◀ هو كل ذكر لاتدخل في نسبته إلى الميت أنثى إلا المعتقة.

(ب) **عصبة مع الغير** ◀ هي كل أنثى ذات فرض تصير عصبة مع أنثى أخرى ذات فرض أيضا.

(ج) **عصبة بالغير** ◀ هي كل أنثى صاحبة فرض صارت عصبة بسبب وجود ذكر من العصبات بالنفس من جهتها ومساو لها في الدرجة وأنزل منها إن احتاجت إليه.

اَلْعَصَبَةُ (အဆွဘဟ်)၏ အဓိပ္ပါယ်

اَلْعَصَبَةُ (အဆွဘဟ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ဝန်းရံခြင်း၊ ပြင်းထန်ခြင်း၊ အင်အားရှိခြင်းကို ခေါ်သည်။

ဖေကဟ်ဘာသာရပ်ဆိုင်ရာဝေါဟာရတွင် ➲ အမွေရှင်ချန်ထားခဲ့သောပစ္စည်းမှ ပုံသေအစုရှင်များသည် မိမိတို့၏ ဝေစုဝေပုံများကို ခွဲဝေရယူပြီးနောက် ကျန်အမွေအားလုံးကို သိမ်းကျုံးရယူမည့်သူကိုလည်းကောင်း၊ ပုံသေအစုရှင်များမရှိသည့်အတွက် ဥစ္စာပစ္စည်းအားလုံကို ဆက်ခံရမည့်သူကိုလည်းကောင်း "အဆွဘဟ်"ဟု ခေါ်သည်။ အတိအလင်း ဝေပုံမရှိသူကိုလည်း "အဆွဘဟ်"ဟု ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ကျန်သိမ်းကို ခေါ်သည်။

"အဆွဘဟ်" နှစ်မျိုးရှိသည်။

❶ တော်စပ်မှုအရ အဆွဘဟ် ဖြစ်ခြင်း။

❷ အကြောင်းခံတစ်ခုခုကြောင့် အဆွဘဟ် ဖြစ်ခြင်း။

တော်စပ်မှုအရ အဆွဘဟ် ဖြစ်ခြင်း (၃) မျိုးရှိသည်။

❶ ကိုယ်၌ အဆွဘဟ် ဖြစ်ခြင်း ﴿عَصَبَةٌ بِالنَّفْسِ﴾။

ကိုယ်၌ အဆွဘဟ် ဖြစ်ခြင်းဆိုသည်မှာ အမွေရှင်နှင့် အဆွဘဟ်ဖြစ်ကြသော အမျိုးသားတို့ ဆွေမျိုးတော်စပ်ရာ၌ ကြားအလယ်တွင် အမျိုးသမီးရောယှက် ပါဝင်မနေခြင်းကို ခေါ်သည်။

❷ အခြားသူနှင့်ပူးတွဲ၍ အဆွဘဟ် ဖြစ်သူ ﴿عَصَبَةٌ مَعَ الْغَيْرِ﴾။

အခြားသူနှင့်ပူးတွဲ၍ အဆွဘာဟ် ဖြစ်ခြင်းဆိုသည်မှာ အခြားဝေစုရှင်အမျိုးသမီးနှင့်ပူးတွဲကာ အစ္စဗာဖြစ်သော ဝေစုရှင်အမျိုးသမီးတိုင်းကို ခေါ်သည်။

❸ အခြားသူကို အကြောင်းခံ၍ အဆွဘာဟ် ဖြစ်လာသူ ﴾عَصَبَةٌ بِالْغَيْرِ﴿။

အကြောင်းပြုအဆွဘာဟ် ဆိုသည်မှာ ကိုယ်၌အဆွဘာဟ် ဖြစ်သူကို အကြောင်းခံ၍ အဆွဘာဟ်ဖြစ်လာရသူ ဝေစုရှင်အမျိုးသမီးတိုင်းကို ခေါ်သည်။

معنى الكلالة

الكلالة ◀ أن يموت المرء,وليس له والدأوولديرثه. بل يرثه قرابته.

اَلْكَلَالَةُ (ကလာလဟ်)၏ အဓိပ္ပါယ်

اَلْكَلَالَةُ (ကလာလဟ်)ဆိုသည်မှာ အမွေဆက်ခံမည့်မိခင်၊ ဖခင်၊ သား၊ သမီးမရှိဘဲ သေဆုံးသွားသောယောကျာ်း ကိုခေါ်သည်။ ၎င်းချန်ထားခဲ့သော ဥစ္စာပစ္စည်းများကို ဆွေးမျိုးများက အမွေဆက်ခံမည်။

မြန်မာအခေါ်အဝေါ်တွင် ➡ တစ်ကောင်ကြွက်တစ်မျက်နှာကို ခေါ်သည်။

معنى التركة

التركة ◀ ماتركه الميت من الأموال صافيا عن تعلق حق الغير بعين من الأموال.

اَلتَّرِكَةُ (သရေ့ကဟ်)၏ အဓိပ္ပါယ်

اَلتَّرِكَةُ (သရေ့ကဟ်)ဆိုသည်မှာ သေသူချန်ထားခဲ့သော ပစ္စည်းဥစ္စာများကို ခေါ်သည်။ ထိုပစ္စည်းဥစ္စာများတွင် တစ်ခြားတစ်ယောက်၏ ရပိုင်ခွင့် ပတ်သက်နေခြင်း မရှိပေ။

معنى المانع

المانع ◀ هوما تفوت به أهلية الإرث مع قيام سببه.

اَلْمَانِعُ (မာနိအ်)၏ အဓိပ္ပါယ်

اَلْمَانِعُ (မာနိအ်)ဆိုသည်မှာ အမွေဆက်ခံနိုင်သည့် အကြောင်းခံရှိသော်လည်း အမွေဆက်ခံခွင့် ပျောက်ပျက်စေသောအရာကို ခေါ်သည်။

المحروم ◄ هوالذي منع من الإرث لمعنى في نفسه كالرقيق والقاتل.

اَلْمَحْرُوْمُ (မဟ်ရူးမ်)၏ အဓိပ္ပါယ်

اَلْمَحْرُوْمُ (မဟ်ရူးမ်)ဆိုသည်မှာ မိမိကိုယ်၌ရှိသော အချက်အလက် တစ်ခုခုကြောင့် အမွေမှတားမြစ်ခံရသူကို ခေါ်သည်။ ဥပမာ- ကျေးကျွန်ဖြစ်နေခြင်း၊ အမွေရှင်ကို သတ်ခြင်း။

မြန်မာအခေါ်အဝေါ်တွင် ➲ အမွေမှဟန့်တားခံရသူကို ခေါ်သည်။

معنى الحجب

الحجب ◄ منع شخص معين عن ميراثه إما كله أو بعضه بوجود شخص آخر.

(١)حجب حرمان: أن يمنع الوارث من الإرث أصلا.

(٢)حجب نقصان: أن ينقص فرض الوارث من سهم إلى سهم لوجود شخص آخر.

اَلْحَجْبُ (ဟဂျ်ဘွန်)၏ အဓိပ္ပါယ်

اَلْحَجْبُ (ဟဂျ်ဘွန်)ဆိုသည်မှာ အခြားတစ်ဦးရှိသောကြောင့် အမွေအားလုံးမှသော်လည်းကောင်း၊ အမွေအချို့မှသော်လည်းကောင်း တားမြစ်ခံရသူကို ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ အမွေမှ ဖုံးကွယ်ခံရသူကို ခေါ်သည်။

ဖုံးကွယ်ခံရမှု(الحجب) နှစ်မျိုးရှိသည်။

❶ حَجْبُ حِرْمَانُ (ဟဂ်ျဘွန်ဟိရ်မားန်)အမွေဆက်ခံသူသည် အမွေမှ အပြည့်အဝ ဖုံးကွယ်ခံရခြင်း။

❷ حَجْبُ نُقْصَانُ (ဟဂ်ျဘွန်နွတ်က်ဆွားန်)အခြားတစ်ဦးရှိသောကြောင့် အမွေဆက်ခံသူ၏ဝေစုသည် ဝေပုံတစ်ပုံမှ (အခြား) ဝေပုံတစ်ပုံသို့ လျော့နည်းရောက်ရှိသွားခြင်းကို ခေါ်သည်။(အမွေအချို့ ဖုံးကွယ်ခံရခြင်း ဟုလည်း ခေါ်သည်)

معنى العول

العول لغة ◀ الميل والجور.

وفي الاصطلاح ◀ زيادة السهام على مخرج المسألة من كسرها .

اَلْعَوْلُ (အောင်းလ်)၏ အဓိပ္ပါယ်

اَلْعَوْلُ (အောင်းလ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ယိမ်းယိုင်ခြင်း၊ မာကြောပြင်းထန်ခြင်း ကိုခေါ်သည်။

ဖေကဟ်ဘာသာရပ်ဆိုင်ရာဝေါဟာရတွင် ➲ မူရင်းဝေပုံ၏ ကိန်းဂဏန်းသည် ဝေစုရှင်များ၏ ရပိုင်ခွင့်ထက် နည်းနေသောကြောင့် ထိုမူရင်းဝေပုံ၏ကိန်းဂဏန်းအား တိုးလိုက်ခြင်းကို ခေါ်သည်။

معنى الرد

الرد لغة ◀ الرجوع والصرف.

وفي الاصطلاح ◀ صرف الباقي عن الفروض إلى ذوي الفروض النسبية بقدر فروعهم عند عدم عصبة مستغرق.

اَلرَّدُّ (ရဒ်)၏ အဓိပ္ပါယ်

اَلرَّدُّ (ရဒ်)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ပြန်လှည့်ခြင်းကို ခေါ်သည်။

ဖေကဟ်ဘာသာရပ်ဆိုင်ရာဝေါဟာရတွင် ➲ (အမွေခံများ၏ အမွေများကို ပေးဝေပြီးနောက် အမွေပုံမှာ မကုန်သေးလျှင်) ကျန်ရှိနေသောအမွေအား ဆက်ခံမည့် အမွေကျန်ဆက်ခံသူမရှိသောအခါ ကုရ်အာန်အရအမွေဆက်ခံသူများထံသို့ပင် ယင်းတို့၏ ဝေစုအမျိုးအစားအလိုက် ပြန်၍ခွဲဝေပေးခြင်းကို "ရတ်ဒ်" ဟု ခေါ်သည်။

မြန်မာအခေါ်အဝေါ်တွင် ➲ ရတ်ဒ်ကို အပြန်ဝေစုပေးခြင်းဟု ခေါ်သည်။

معنى المناسخة

المناسخة لغة ◀ الإزالةالتغييرالنقل.

وفي الاصطلاح ◀ أن ينتقل نصيب بعض الورثة بموته قبل القسمة إلى من يرث منه وفيه إزالة ما صحت منه المسألة الأولى بموت الثاني وتغيير القسمة وانتقال الملك من وارث إلى آخر.

اَلْمُنَاسَخَةُ (မို့နာစခါ)၏ အဓိပ္ပါယ်

اَلْمُنَاسَخَةُ (မို့နာစခါ)ဆိုသည်မှာ အရဗီဘာသာစကားတွင် ➲ ပယ်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြောင်းရွှေ့ခြင်းကို ခေါ်သည်။

ဖေကဟ်ဘာသာရပ်ဆိုင်ရာဝေါဟာရတွင် ➲ လူတစ်ဦးကွယ်လွန်သွား၍ အမွေများကို အမွေစားအမွေခံတို့အား ခွဲဝေမပေးမီအလျင်ငင်းတို့အနက်မှ အချို့ကွယ်လွန်သွားပြန်သည်။ မခွဲရသေးသော ပထမကွယ်လွန်သူ၏ အမွေပစ္စည်းများအနက်မှ ဒုတိယကွယ်လွန်သူ အမွေခံရရှိမည့်အချိုးကျဝေစုဝေပုံများကို ဒုတိယကွယ်လွန်သူ၏ အမွေစား၊ အမွေခံတို့အား ခွဲဝေပေးခြင်းကို ခေါ်သည်။

قَالَ النَّبِيُّ صَلى الله عليه وسلم

مَنْ أَرَادَ اللهُ بِهِ خَيْرًا يُفَقِّهْهُ فِي الدِّيْنِ

တမန်တော်မြတ် ﷺ မိန့်တော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ဦးအား

အကောင်းလိုလားတော်မူပါလျှင်

၎င်းအား သာသနာ့အသိပညာကို

ချီးမြှင့်တော်မူသည်။

(ဗိုခါရီကျမ်း)